ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့၊ (3-10-2010) (၆၅၄၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၃

၂၀၁၀ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သမ္မတ မစ္စတာ ခရစ္စရှန်ဝုဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ကိုရီးယားသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၃

၂၀၁၀ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ကိုရီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်
ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၃

၂၀၁၀ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ အင်ဂျယ်လာ ဒေါ်ရိုသီယာ မာကယ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနား တက်ရောက်ချီးမြှင့်
အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နေပြည်တော် အောက်တိုဘာ ၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ အဆိုပါဘဏ် အဆောက်အအုံသစ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော် အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ အစိုးရအဖွဲ့ - အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘဏ်များအသင်း အလုပ်အမှုဆောင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ ဘင်ခရာနှင့် ပန်းဖွား အကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ◆

ကြေးမုံ The Mirror

၃-၁၀-၂၀၁၀
(တနင်္ဂနွေနေ့)

ရေချို ရေငန် ငါး၊ ပုစွန် တိုးမြှင့်ထုတ်လုပ်တင်ပို့

ကမ္ဘာတွင် နေ့စဉ်လူဦးရေ တိုးတက်လာလျက်ရှိသည်။ နိုင်ငံတိုင်းက စားနပ်ရိက္ခာ သား၊ ငါးများ လုံလုံလောက်လောက် ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းနေကြရပြီ။ ပင်လယ်ငါးဖမ်းလုပ်ငန်းများသာမက ရေချို ရေငန် ငါး မွေးမြူရေးလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်လျက်ရှိကြသည်။

အာရှဒေသတွင် အများအားဖြင့် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးခေါင်းပွ စသည့် အသီးအရွက်စား ငါးများ၊ ကျောက်ငါး၊ ကကတစ်၊ ငါးတန်၊ ငါးခူ စသည့် အသားစားငါးများနှင့် တီလားပီးယား၊ ရွှေဝါငါးကြင်း၊ ငါးခုံးမ စသည့် အစုံစား ငါးမျိုးများ၊ ရေချို ရေငန် ပုစွန်၊ ကဏန်းများကို မွေးမြူထုတ်လုပ်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် သဘာဝအလျောက် ငါးများဖမ်းယူရရှိနိုင်သည့် မြစ်ချောင်း မြစ်လက်တက်ရေပြင်ကျယ်များရှိသည်။ မြန်မာ့ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်၌ ငါး၊ ပုစွန်များ ကြွယ်ဝသည်။ ရေချို ငါး၊ ပုစွန်မွေးမြူထုတ်လုပ်ရေးနှင့် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ကြခြင်းဖြင့် စီးပွားရေးတိုးတက်ဖြစ်ထွန်းမှု ပိုမိုရရှိလာနိုင်ပေမည်။

ယခုအခါ ငါးမွေးမြူရေးကန်ပေါင်း ဧက နှစ်သိန်းကျော်နှင့် ပုစွန်မွေးမြူရေးကန်ပေါင်း ဧက နှစ်သိန်းကျော်ရှိရာ ပြည်တွင်းစားသုံးမှု ဖူလုံပြီး ပိုလျှံသည့် ငါး၊ ပုစွန်များကို ပြည်ပသို့ တင်ပို့နိုင်လျက်ရှိသည်။ ခေတ်မီ ငါးမွေးမြူရေးနည်းစနစ်များ အသုံးပြု၍ အဆင့်မြှင့်တင်ကြိုးပမ်းနေကြပြီ။ ငါးမွေးကန်များ သန့်ရှင်းရေး၊ ငါးအစားအစာ အရည်အသွေးကောင်းမွန်ရေး၊ ငါး မျိုးကောင်းမျိုးသန့် ငါးသားပေါက်များ ထုတ်လုပ်မွေးမြူရေး အလေးထား လုပ်ကိုင်ကြခြင်းဖြင့် ကြီးထွားနှုန်းကောင်းသော ငါးများ ရရှိကြမည်ဖြစ်သည်။

မွေးမြူရေးငါးများအနက် ငါးမြစ်ချင်းများကို အများဆုံး တင်ပို့ရလျက်ရှိသည်။ ငါးကြင်း၊ ငါးခေါင်းပွနှင့် ပုစွန်များလည်း တင်ပို့နေကြရာ အရည်အသွေးကောင်းမွန်ရေး ဂရုပြုကြရမည်ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် နှစ်စဉ်ဖမ်းယူထုတ်လုပ်နိုင်သည့် ငါး၊ ပုစွန် တန်ချိန် တစ်သန်းခန့်ရှိသည်။ နိုင်ငံတော်၏ နည်းပညာနှင့် ငွေကြေးပံ့ပိုးမှုတို့နှင့်အတူ ငါးထုတ်လုပ်မှုနှင့် နိုင်ငံခြားငွေရရှိမှု နှစ်စဉ်တိုးတက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ရေချို ရေငန် ငါး၊ ပုစွန်များသည် ပြည်တွင်း ပြည်ပဈေးကွက်ရှိပြီး ဝယ်လိုအားကောင်းမွန်နေသည်။ မွေးမြူရေးလုပ်ငန်းရှင်များက မျိုးကောင်းမျိုးသန့် ငါး၊ ပုစွန်များကို ခေတ်မီနည်းစနစ်များ အသုံးပြုမွေးမြူခြင်း၊ ငါး၊ ပုစွန်များ အဆင့်မြင့် ထုတ်လုပ်တင်ပို့ရောင်းချခြင်းတို့ဖြင့် မြန်မာ့ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင် အကျိုးဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ ။

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၆ ရက်က ကျင်းပရာ ဒုတိယတန်း (E)မှ သုံးနှစ်ဆက်တိုက် ပညာရည်ချွန် ပထမဆုရရှိသူ မမိုးပွင့်ဖြူအား ကျောင်းအုပ်ဆရာကြီး ဦးအောင်မင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

၁၉၈၂ - ၁၉၉၁ B.V.S ဆရာကန်တော့ပွဲ

ရန်ကုန် အောက်တိုဘာ ၂

၁၉၈၂-၁၉၉၁ ပညာသင်နှစ် B.V.S ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် M3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာဇော်ဇော်မြင့် ဖုန်း-၀၉-၅၁၁၆၁၆၁၊ ဒေါက်တာတိုးလှလှစိုး ဖုန်း-၀၉-၅၁၁၈၂၇၁၊ ဒေါက်တာတင်တင်ခိုင် ဖုန်း-၀၉-၅၁၃၃၇၁၂၊ ဒေါက်တာအံ့ခိုင် ဖုန်း-၀၉-၅၀၇၄၈၂၅၊ ဒေါက်တာဇော်အောင် ဖုန်း-၀၉-၅၁၈၅၆၂၆၊ ဒေါက်တာမွန်မြတ် ဖုန်း-၀၉-၈၆၀၀၁၈၂၊ ဒေါက်တာခင်စိုး ဖုန်း-၀၉-၅၃၂၂၄၆၉၊ ဒေါက်တာထွန်းနိုင် ဖုန်း-၀၉-၈၅၁၀၄၀၀၊ ဒေါက်တာသန်းဝင်း ဖုန်း-၀၉-၅၀၀၄၈၆၆၊ ဒေါက်တာမျိုးခိုင် ဖုန်း-၀၂-၅၉၃၈၁၊ ဒေါက်တာမြင့်ဦး ဖုန်း-၀၉-၂၀၁၉၈၅၀၊ ဒေါက်တာဖြူဖြူဝင်း ဖုန်း-၀၉-၈၅၉၈၅၃၁၊ ဒေါက်တာစိုင်းဆိုင်ဝမ်း ဖုန်း-၀၉-၅၂၈၀၁၆၃ နှင့် ဒေါက်တာတင်အေး ဖုန်း-၀၈၁-၂၂၆၅၉ တို့သို့ နိုဝင်ဘာ ၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုသိမ်-မအူပင်-ဖျာပုံလမ်းနှင့် ဖျာပုံ-မော်လမြိုင်ကျွန်းလမ်း တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် စက်တင်ဘာ ၂၅ ရက်တွင် ပုသိမ်-မအူပင်-ဖျာပုံနှင့် ဖျာပုံ-မော်လမြိုင်ကျွန်းလမ်း တံတားအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မအူပင်-ရေလဲကလေး- ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရာဇူဗိုင်(၁)တံတား ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက တံတားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးသည် မော်လမြိုင်ကျွန်းမြို့ စပါးစိုက်ခင်းရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးပြီး မော်လမြိုင်ကျွန်းမြို့ နယ်မြေခံတပ်ရင်း၌ မိသားစုဝင်များ၏ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကာ တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအားတွေ့ဆုံ၍ ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုသိမ်မြို့ပေါ်ရှိ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ အဆောက်အအုံများ ဝန်ကြီး ဦးမောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ပုသိမ်မြို့ လူမှုဝန်ထမ်းဦးစီးဌာန နေ့ကလေးထိန်း မူလတန်းကြိုကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် စက်တင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက ပုသိမ်မြို့ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ နေ့ကလေးထိန်း မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး သိုလှောင်ရုံအတွင်း ကယ်ဆယ်ရေး ပစ္စည်းများ စနစ်တကျသိုလှောင်ထားရှိမှုနှင့် ရုံးဝင်းအတွင်း သိန်းထွန်း ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသော သိုလှောင်ရုံ (အသစ်) ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က သိုလှောင်ရုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကာ ဝန်ကြီးက အဆောက်အအုံ ဆောက်လုပ်ရာ၌ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရေး၊ အသုံးပြုပစ္စည်းများ အရည်အသွေးပြည့်မီ မှန်ကန်ရေးနှင့် အချိန်မီ ပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် တို့ကို မှာကြား၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် ဘန့်ဘွေးကုန်း သိုလှောင်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Certificate in Retail Management Skill သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂

WISE International School for Executives မှ Certificate in Retail Management Skill အမည်ရှိ လက်လီရောင်းချခြင်း (Retailing) ဆိုင်ရာသင်တန်းကို အောက်တိုဘာ ၉ ရက် ညနေ ၅ နာရီမှ ၈ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် လက်လီရောင်းချခြင်းဆိုင်ရာ အခြေခံသဘောတရားများ၊ လက်လီရောင်းချမှု လုပ်ငန်းခွင်တစ်ခုလုံး အခြေခံစီမံခန့်ခွဲမှုနည်းစနစ်များ၊ လက်လီရောင်းချမှုဆိုင်ရာ ဈေးနှုန်းသဘောတရားများနှင့် တွက်ချက်မှုပုံစံများ၊ ကုန်ပစ္စည်းဝယ်ယူမှုနှင့် စနစ်တကျ ထိန်းသိမ်းမှုပုံစံများ၊ လက်လီဆိုင်ဖွင့်လှစ်ရန် နေရာရွေးချယ်မှုဆိုင်ရာ နည်းစနစ်များ၊ ဆိုင်အပြင်အဆင် အခင်းအကျင်း နည်းစနစ်များ၊ လက်လီဆိုင် အရောင်းမြှင့်တင်မှုနှင့် ဈေးကွက်ထိုးဖောက်မှုဆိုင်ရာ နည်းစနစ်များ စသည့် လက်လီလုပ်ငန်းကြီး တစ်ခုလုံး စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုကိစ္စကို လုပ်ငန်းခွင်တွင် ကျွမ်းကျင်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် နည်းလမ်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းသို့ မြန်မာနိုင်ငံရှိ ခေတ်မီ Super Market ကြီးများ၊ Hyper Market ကြီးများ၊ Super Center ကြီးများ၊ Convenience Store များ၊ စတိုးဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ မီနီစတိုးဆိုင်များဖွင့်လှစ်ရန် ရည်ရွယ်ချက်ရှိသူများနှင့် လက်ရှိတာဝန်ထမ်းဆောင်လုပ်ကိုင်လျက်ရှိသော အုပ်ချုပ်မှုအဆင့်များနှင့် အခြေခံဝန်ထမ်းများ၊ အဝယ်တော်များ(Purchaser)နှင့် Retail Management ကို အခြေခံမှုစ၍ စိတ်ပါဝင်စားစွာ လေ့လာလိုသောသူများ တက်ရောက်သင့်ကြောင်း သိရှိရသည်။

သင်တန်းကာလမှာ ၁၀ ရက် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ငါးသောင်းကျပ်ဖြစ်ကာ စိတ်ပါဝင်စားသူများနှင့် တက်ရောက်လိုသူများသည် အသေးစိတ်အချက်အလက်များကို WISE International School for Executives အခန်းအမှတ် (၁၀၀၉) (၁၀)လွှာ ယုဇနတာဝါ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်စုံစမ်း ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

WISE International School for Executives သင်တန်းကျောင်းသည် မြန်မာနိုင်ငံတွင် လက်လီရောင်းချခြင်း (Retailing)နှင့် ပတ်သက်သော အထူးသင်တန်းများကို ပထမဆုံး စတင်မိတ်ဆက် လစဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော သင်တန်းကျောင်းတစ်ခု ဖြစ်ကြောင်းလည်း သိရှိရသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ဇီးကုန်းမြို့နယ် မယင်းလက်ပံခုံ အထက(ခွဲ)ကျောင်းခန်းမ၌ ကျင်းပစဉ်။ (၂၈၉)

ITC (ဆင်တဲ) ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂

ITC (ဆင်တဲ) ကျောင်းသားဟောင်းများ၏ မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၁ ရက် (စနေနေ့) ညနေ ၆ နာရီမှ ည ၁၂ နာရီထိ သုဝဏ္ဏလမ်းဆုံနှင့် အသင်းတိုက်ကြားရှိ Eagle Garden ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဆရာဦးမြဦး ဖုန်း-၀၉-၅၁၃၆၅၃၄၊ ကိုသာထူး ဖုန်း-၇၃၀၀၄၉၃၅၊ ကိုညီညီ ဖုန်း-၀၉-၅၀၆၆၈၈၆၊ ကိုဇော်ထွန်း ဖုန်း-၀၉-၅၀၃၁၃၁၈၊ ကိုအောင်ကျော် ဖုန်း-၀၉-၅၀၇၁၁၄၄၊ ကိုသာရ ဖုန်း-၇၃၀၈၁၁၀၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၃၀၀၀၊ ဧည့်လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့်လည်းကောင်း Lucky Draw အစီအစဉ်များကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး တောင်ကြီး-လွိုင်လင်-နမ့်စန်-မိုင်းပန်လမ်းနှင့် သံလွင်မြစ်ကူးတံတား(တာဆန်း)တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးသည် စက်တင်ဘာ ၂၆ ရက်တွင် တောင်ကြီး-လွိုင်လင်-နမ့်စန်-မိုင်းပန်လမ်းတစ်လျှောက် လမ်း၊တံတား ကြံ့ခိုင်မှုအခြေအနေများနှင့် မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းပန်မြို့ တပ်နယ်ခန်းမ၌ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် မိုင်းပန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ပေးအပ်

ဆက်လက်၍ တာဆန်းကျေးရွာ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

တိုင်းမှူးသည် စက်တင်ဘာ ၂၇ ရက်တွင် တပ်ရင်းကုန်စုံဆိုင်နှင့် တပ်မိသားစုများ၏ စိုက်ပျိုး/မွေးမြူရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သံလွင်မြစ်ကူးကြိုးတံတား(တာဆန်း) တည်ဆောက်ထားရှိမှုနှင့် ကြံ့ခိုင်မှုအခြေအနေ၊ တာဆန်း-မိုင်းပန်လမ်းတစ်လျှောက် လမ်း၊ တံတား ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများ ကန်တော်ကလေးတောင်ပိုင်းရပ်ကွက်ရှိ ကွန်ကရစ်အစားထိုး မန္တလေးလမ်းအား တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(၁၉)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၃

၂၀၁၀ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ဂျာမန် ပေါင်းစည်းရေးနေ့အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂီဒို ဗက်စ်တာဗယ်လာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့ရှိ လမ်းများဖွင့်ပွဲ မြို့တော်ဝန် ဦးအောင်သိန်းလင်း တက်ရောက်

ရန်ကုန် အောက်တိုဘာ ၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး တောင်ပိုင်းရပ်ကွက်၌ အရှည်ပေ ၁၀၄၀ နှင့် အကျယ် ၁၈ ပေရှိ မန္တလေးလမ်း ကွန်ကရစ်လမ်းဖွင့်ပွဲ၊ ကန်တော်ကလေးအရှေ့ရပ်ကွက်ရှိ ၈၈ လမ်း လှော်ကားအားဖြည့် ရေပိုက်လိုင်းဖွင့်ပွဲ၊ ကန်တော်ကလေး အရှေ့ရပ်ကွက်၌ အရှည်ပေ ၈၅၀ နှင့် အကျယ် ၁၉ ပေရှိ မန္တလေးလမ်းနှင့် ကန်တော်ကလေးမြောက်ရပ်ကွက်၌ အရှည်ပေ ၁၄၀၀ နှင့် အကျယ် ၁၈ ပေရှိ မန္တလေးလမ်းဖွင့်ပွဲနှင့် ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက်ရှိ ရိပ်သာလမ်း၊ ရိပ်သာလမ်းသွယ် ၇ လမ်း၊ ၈ လမ်း၊ ၉ လမ်းနှင့် ၁၀ လမ်းဖွင့်ပွဲ အခမ်းအနား၊ ဈေးကလေးရပ်ကွက် ဈေးကလေး အထက်လမ်းများဖြစ်သည့် ၁ လမ်း၊ ၃ လမ်း၊ ၄ လမ်း၊ ၅ လမ်း၊ ၆ လမ်းနှင့် ၆ လမ်း(အောက်လမ်း)ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး လမ်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မြို့တော်ဝန်သည် ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာစခန်း၌ လူသွားစင်္ကြံများ ပြုပြင်ထိန်းသိမ်းနေမှု၊ ဖူဆယ်ဘောလုံးကစားကွင်း ပြုလုပ်ရန် ဆောင်ရွက်နေမှုနှင့် ကျောက်ချောကတ္တရာလမ်းများ ခင်းကျင်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၁၀-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈) ဖြာမင်္ဂလာ
၈း၁၅ ၇။ အကပြိုင်ပွဲ
၈း၂၅ ၈။ တေးဂီတအစီအစဉ်
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ "အသိစိတ်ကလေး အရင်းတည်၍"
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မန္တမ်းသောမေတ္တာ" (အပိုင်း-၄၈)**
၁၂း၃၀ ၅။ Golf Magazine(TV)
၁၂း၅၀ ၆။ **(၄၆) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း "မိုးမြင့်ထက်မှလင်းယုန်များ" (နေမျိုးအောင်၊ ကျော်ဇောဟိန်း၊ ဘုဏ်းမြတ်၊ မင်းထက်၊ ထွန်းအာကာလင်း၊ အောင်ခိုင်၊ အောင်ပိုင်၊ နေရဲလင်း၊ ဘရိတ်ကီ၊ မေကဗျာ၊ ပပဝင်းခင်၊ ထက်အိကလျာ၊ ဝါဝါအောင်၊ နွဲ့နွဲ့မူ) (ဒါရိုက်တာ-ရဲဝန်ထမ်းဟောင်းတစ်ဦး)**
၂း၃၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၂း၄၀ ၈။ အတီးပြိုင်ပွဲ
၂း၅၀ ၉။ International News
၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက် F.C နှင့် မနောမြေ F.C)
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ **ကာတွန်းအစီအစဉ် "BUGS' ADVENTURES" (အပိုင်း-၃၂)**
၆း၃၅ ၆။ **တစ်မျက်နှာတစ်ကွက်စာ "အများထဲကတစ်ယောက်အကြောင်း" (ထွန်းထွန်းဝင်း၊ သန်းသန်းစိုး၊ ခင်မျိုးအေးဗို၊ ဇေယျာထက်နိုင်၊ ဟိန်းဇံ၊ ရတနာကျော်ဦး) [ဒါရိုက်တာ-မေတင် (MMG)]**
၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၂၀)**
၈း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ **ကာတွန်းအစီအစဉ် "တောကောင်ငယ်သိုင်းညီနောင်လေးများ" (အပိုင်း-၆၃)**
၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး" (အပိုင်း-၂၄)**
၁၄။ အစီအစဉ်ပြီး၏။

အခွန်အကြောင်းသိကောင်းစရာ ပညာပေးဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၂

ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးသန်းထွန်းက ဆွေးနွေးဟောပြောသည်။

တက်ရောက်

ယင်းအခွန်ဆိုင်ရာ ပညာပေးဆွေးနွေးဟောပြောပွဲသို့ ရန်ကုန်မြို့တော် စည်ပင်ဘုရင့်နောင်ပွဲရုံနှင့် ယာဉ်ရပ်နားစခန်း တာဝန်ခံ မရမ်းကုန်းမြို့နယ် အခွန်ဦးစီးဌာနမှူးနှင့် အရာထမ်းများ၊ ဘုရင့်နောင်ပွဲရုံလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ အပါအဝင် ပွဲရုံလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

ရန်ကုန် အောက်တိုဘာ ၂

ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် မွန်ပရိယတ္တိစာသင်တိုက်(ဗိုလ်တထောင်ဘုရားအနီး)၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျိုက်မရောမြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ၂၀၀၉နှင့် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင် သားသမီးများ၊ နိုင်ငံတော်မှ ဆုချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးရရှိသူများ၊ ပါရဂူဘွဲ့ရရှိသူများနှင့် လှူဒါန်းလိုသူများသည် ဦးရဲမြင့် ဖုန်း-၀၉၅၅၀၆၁၀၉၊ ဦးသောင်းညွန့် ဖုန်း-၀၁-၅၅၅၆၅၁၊ ဦးကျော်မြင့် ဖုန်း-၀၁-၇၈၀၅၆၈၄၃၊ ဦးခင်အောင် ဖုန်း-၀၉-၈၆၂၇၄၂၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဆုချီးမြှင့်

စက်တင်ဘာ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ဆရာ၊ ဆရာမများအား ဆုချီးမြှင့်ပွဲတွင် လေးနှစ်ဆက်တိုက် ကျောင်းတက်ရက်မှန်ဆုရ ဆရာမ ဒေါ်ခင်မာနီအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းဦး ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၁၀-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -နေမင်းကြီးတစ်ဆူ ဝင်တော်မူခြင်း
၇း၁၅ ၄။ ဓမ္မပူဇာတေး
၇း၂၀ ၅။ မျိုးချစ်တပ်မတော်
၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၄။ ကာတွန်းအစီအစဉ် -အမြှာစုံထောက် (အပိုင်း-၄၄)
၁၂း၀၀ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာရိပ်ဝယ်**
၁၂း၃၀ ၆။ ကျန်းမာသုတ
၂း၀၀ ၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ချစ်မျက်ရည်လေး ပျယ်ပါစေ (အပိုင်း-၃)**
၂း၅၀ ၈။ အပိတ်နှုတ်ဆက်စကား။
၂း၅၅ ၉။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၅။ မျိုးချစ်တပ်မတော်
၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၈။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၉။ ဘဝကြေးမုံ - ယောကျ်ားမာန် (ဒေါ်ခင်ခင်ကြီး၊ မေဟသီာ၊ မိုးထက်ပိုင်၊ ဖြိုးပိုပို၊ ရန်နိုင်၊ အေးချမ်းမိုး) [(ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀ ၁၀။ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်ကြိုးယှက်နွယ် (အပိုင်း-၁၃)**
၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ အမျိုးသားရေးတေးကဗျာ
၁၄။ နိုင်ငံရေးပါတီများ ဟောပြောချက်
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ ပဟေဠိနန်းတော်
၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မိုးမြင့်ထက်မှလင်းယုန်များ (အပိုင်း-၂)(ဇာတ်သိမ်း) (နေမျိုးအောင်၊ ကျော်ဇောဟိန်း၊ ပပဝင်းခင်၊ ထက်အိကလျာနှင့်အနုပညာရှင်များ) (ဒါရိုက်တာ-ရဲဝန်ထမ်းဟောင်းတစ်ဦး)**
၂၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၁၂)**
၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၃၁)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ ဦးအေးလွင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြော တင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်သူလူထုအပေါင်းတို့ခင်ဗျား-

လာမယ့်နိုဝင်ဘာ(၇)ရက်နေ့ဆိုလျှင် အသက်(၁၈)နှစ်ပြည့်ပြီးသူ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးဟာ မိမိတို့နဲ့သက်ဆိုင်တဲ့ မဲဆန္ဒနယ်မြေအသီးသီးရှိ မဲရုံများမှာ သွားရောက်မဲပေးကြရမှာဖြစ်ပါတယ်။ ယခုကျင်းပတဲ့ ရွေးကောက်ပွဲမှာ ပြည်သူလူထုအနေနဲ့ မိမိတို့ကို အမှန်တကယ်ကိုယ်စားပြုနိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာဆန္ဒမဲပေးရွေးချယ်နိုင်တော့မှာဖြစ်ပါတယ်။

အဲဒီရွေးကောက်ပွဲမှာ ကျွန်တော်ဦးအေးလွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၅ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁ ဦး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀ ဦးတို့ အပါအဝင် လွှတ်တော်သုံးရပ်မှာစုစုပေါင်း ကိုယ်စားလှယ်လောင်း ၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမှာဖြစ်ပါတယ်။

ပြည်သူလူထုအပေါင်းတို့ခင်ဗျား-

ကျွန်တော်တို့ပါတီဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဒီမိုကရေစီကျင့်စဉ်ကိုလက်ခံပြီး ကျွန်တော်တို့ပါတီရဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမှာပါရှိတဲ့ မူဝါဒနဲ့လုပ်ငန်းစဉ်များကို သက်ဝင်ယုံကြည်သူများစုပေါင်းပါဝင်ကြတဲ့ နိုင်ငံရေးအဖွဲ့အစည်းဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ပါတီကသတ်မှတ်ထားတဲ့ အမျိုးသားရေးဝါဒနဲ့အညီ ပါတီတွင်းဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ပါတီဝင်ထုရဲ့သဘောထားအမြင်နဲ့ မြန်မာတစ်မျိုးသားလုံးရဲ့ အကျိုးစီးပွားကိုဖော်ဆောင်ခြင်း၊ မြှင့်တင်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနဲ့ ထိန်းသိမ်းခြင်းတို့ကို အစဉ်သဖြင့်ပြုလုပ်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့ မြန်မာနိုင်ငံသားအားလုံးရဲ့ ကျင့်ဝတ်သိက္ခာ၊ အခွင့်အရေးနဲ့အကျိုးစီးပွားများကို ပျက်ပြားဆုတ်ယုတ်စေတဲ့ လုပ်ဆောင်ချက်မှန်သမျှကို နိုင်ငံရေးသတိနဲ့ယှဉ်ပြီး အစဉ်အမြဲဆန့်ကျင်သွားမှာ ဖြစ်ပါတယ်။

ပြည်သူလူထုအပေါင်းတို့ခင်ဗျား-

ကျွန်တော်တို့ပါတီဟာ ပါတီဝင်များနဲ့ ပါတီတာဝန်ရှိပုဂ္ဂိုလ်များအကြားမှာလည်းကောင်း၊ ပါတီတာဝန်ရှိ ပုဂ္ဂိုလ်များနဲ့ ပြည်သူလူထုအကြားမှာလည်းကောင်း၊ ပါတီဝင်များအချင်းချင်းအကြားမှာလည်းကောင်း ဆက်ဆံရေးကိစ္စရပ်များမှာ-

အပြန်အလှန်ယုံကြည်မှု၊
အပြန်အလှန်လေးစားလိုက်နာမှု၊
အပြန်အလှန်တန်ဖိုးထားအသိအမှတ်ပြု မှု၊
အပြန်အလှန်ပွင့်လင်းရိုးသားမှု၊
အပြန်အလှန်ရိုင်းပင်းကူညီမှု၊
အပြန်အလှန်အားကိုးအားထားပြု မှု၊
အပြန်အလှန်တန်းတူညီမျှရှိမှု၊
အပြန်အလှန်စာနာထောက်ထားမှု၊
အပြန်အလှန်ကိုယ်ချင်းစာစိတ်ရှိ မှု၊
အပြန်အလှန်သစ္စာစောင့်သိမှု၊
အပြန်အလှန်သည်းခံခွင့်လွှတ်မှု၊
အပြန်အလှန်သဘောထားကြီးမှုနဲ့
အပြန်အလှန်အထွေထွေသဟဇာတဖြစ်မှုတို့ကို အခြေခံပါတယ်။

ပြည်သူလူထုအပေါင်းတို့ခင်ဗျား-

ကျွန်တော်တို့ပါတီဟာ "နိုင်ငံတော်အာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်စေရမည်" ဆိုတဲ့ မူဝါဒနဲ့အညီ ဥပဒေပြု မှု၊ အုပ်ချုပ်မှု၊ တရားစီရင်မှု ကိစ္စရပ်များအပါအဝင် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ကြသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအားလုံးနဲ့ ပတ်သက်ပြီး-

- နိုင်ငံတော်ယန္တရားအားလုံးသည် အမျိုးသားအကျိုးစီးပွားနှင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒသဘောထားကို ကိုယ်စားပြုစေခြင်း၊
- ဥပဒေ၏အထက်တွင် မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ မရှိစေရဘဲ ဥပဒေနှင့်အညီသာ ဖြစ်စေခြင်း၊
- အဂတိလိုက်စားမှုကင်းစင်စေခြင်း၊
- နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ကျေးဇူးသစ္စာကို အစဉ်အမြဲစောင့်သိရိုသေစေခြင်း၊
- ပုဂ္ဂိုလ်စွဲ၊ ဆန္ဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲနှင့် ဘာသာစွဲကင်းစင်စေခြင်း၊
- ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို အစဉ်အမြဲမွေးမြူစေခြင်း၊
- ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အားပေးမြှင့်တင်ရာတွင် စံနမူနာပြ ဖြစ်စေခြင်း၊
- နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို သယ်ပိုးထမ်းဆောင်ရာတွင် ကိုယ်ကျိုးမဖက်ဆောင်ရွက်စေခြင်း

တို့ကို ဖြစ်ပေါ်စေဖို့ မူဝါဒများ ချမှတ်ထားပါတယ်။

ကျွန်တော်တို့ပါတီက ချမှတ်ထားတဲ့ အဓိကဦးစားပေးလုပ်ငန်းစဉ်တွေကတော့-

- ပြည်သူလူထု၏လွတ်လပ်ခွင့်များ၊ အခွင့်အရေးများကို အားပေးမြှင့်တင်ခြင်း၊
- ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအခြေအနေကို အားပေးမြှင့်တင်ခြင်း၊
- တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးပါဝင်သည့် နိုင်ငံရေးအခန်းကဏ္ဍကို အားပေးမြှင့်တင်ခြင်း၊
- တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားရေးကို အားပေးမြှင့်တင်ခြင်း၊
- နိုင်ငံရေးအခန်းကဏ္ဍအပါအဝင် နယ်ပယ်အသီးသီးတွင် အမျိုးသမီးများကို အမျိုးသားများနှင့်တန်းတူ ပါဝင်ဆောင်ရွက်နိုင်မှုကို အားပေးမြှင့်တင်ခြင်း၊
- စီးပွားရေးနှင့် ပတ်သက်၍ နိုင်ငံတော်ပိုင်၊ သမဝါယမပိုင်၊ အများပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုင် လုပ်ငန်းများကို လွတ်လပ်စွာပြိုင်ဆိုင်ခွင့်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်ကို အားပေးမြှင့်တင်ခြင်း၊
- မြန်မာ့စီးပွားရေးတွင် ပြည်ပမှ ပါဝင်ရင်းနှီးမြှုပ်နှံနိုင်မှု အခွင့်အလမ်းများကို အားပေးမြှင့်တင်ခြင်း၊
- ကျေးလက်ဒေသ၊ တောင်တန်းဒေသနှင့် နယ်စပ်ဒေသများကို မြို့ပြနှင့် တစ်ပြေးညီ ဖွံ့ဖြိုး တိုးတက်စေရန် အားပေးမြှင့်တင်ခြင်းတို့ပဲ ဖြစ်ပါတယ်။

ပြည်သူလူထုအပေါင်းတို့ခင်ဗျား-

ကျွန်တော်တို့ပါတီက နိုင်ငံသားများရဲ့ စားဝတ်နေရေးနဲ့ပတ်သက်ပြီး-

- လွတ်လပ်စွာ အခြေချနေထိုင်ခွင့်၊
- လွတ်လပ်စွာ ပရိယေသနရှာဖွေခွင့်တို့ကို အပြည့်အဝ ကာကွယ်စောင့်ရှောက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင်

- အလုပ်အကိုင်အခွင့်အလမ်းအများ တိုးချဲ့ရရှိရေး၊
- အလုပ်လက်မဲ့နည်းပါးစေရေးတို့ကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးသွားပါမယ်။

ကျွန်တော်တို့ပါတီက နိုင်ငံသားများရဲ့ လူမှုရေးနဲ့ပတ်သက်ပြီး-

- အမျိုးဘာသာ၊ သာသနာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လိုသည့် ဝံသာနုရက္ခိတတရားများ ပိုမိုထွန်းကားပြန့်ပွားရေး၊
- အမျိုးသားစာရိတ္တမဏ္ဍိုင် မြင့်မားရေး၊
- အမျိုးသားစာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်မပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ကို လုပ်ဆောင်သွားပါမယ်။

ပြည်သူလူထုအပေါင်းတို့ခင်ဗျား-

ကျွန်တော်တို့ပါတီဟာ နိုင်ငံသားများရဲ့ပညာရေးကို ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်စေပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးမှာ အကျိုးဖြစ်စေမယ့်-

- စာမတတ်သူပပျောက်ရေး၊
- မသင်မနေရ အခမဲ့မူလတန်းပညာရေးစနစ် ဖော်ဆောင်ရေး၊
- အသက်မွေးဝမ်းကျောင်းပညာရေး၊
- စိတ်ကြိုက်ဘာသာရွေးချယ်သင်ကြားနိုင်သော တက္ကသိုလ်ပညာရေးတို့ကို နိုင်ငံတကာ အဆင့်မီဖြစ်စေရန် ဆောင်ရွက်သွားပါမယ်။

ဒါ့အပြင်

- ပညာသင်ထောက်ပံ့ကြေး ရန်ပုံငွေစနစ်ထူထောင်ရေး၊
- ပညာရပ်ဆိုင်ရာ သုတေသန ရန်ပုံငွေထူထောင်ရေး၊
- လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေထူထောင်ရေးတို့ကိုလည်းအားပေး ဆောင်ရွက်သွားပါမယ်။

နိုင်ငံသားများရဲ့ ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့လည်း-

- အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်၊
- စရိတ်မျှပေး ကျန်းမာရေးစောင့်ရှောက်မှုစနစ်၊
- ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုစနစ်၊
- ကျန်းမာရေးစောင့်ရှောက်မှု ရန်ပုံငွေစနစ်၊
- ကျန်းမာရေးစောင့်ရှောက်မှုအာမခံစနစ် တို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့ နိုင်ငံသားများရဲ့ ပညာရေးနဲ့ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများမှာ နိုင်ငံတော်ပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုင် လုပ်ငန်းများ တစ်ပြေးညီ အပြိုင်အဆိုင်လုပ်ကိုင်ခွင့်ရအောင် စီမံဆောင်ရွက်သွားပါမယ်။

ကျွန်တော်တို့ပါတီအနေနဲ့ နိုင်ငံသားများရဲ့ ကိုးကွယ်ယုံကြည်မှုနဲ့ပတ်သက်ပြီး လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်နဲ့ ဘာသာရေးအသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ခွင့်တို့ကို အားပေးသွားပါမယ်။

ပြည်သူလူထုအပေါင်းတို့ခင်ဗျား-

ကျွန်တော်တို့ပါတီဟာ တိုင်းရင်းသားများအရေးနဲ့ပတ်သက်ပြီး-

- တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေး၊
- တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ အနုပညာယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရေး၊
- တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်၍ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရေး၊
- တိုးတက်ဖွံ့ဖြိုးမှုနောက်ကျနေသေးသည့် အရပ်ဒေသများရှိ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုဘဝဖွံ့ဖြိုးရေးတို့ကို အထူးဦးစားပေး လုပ်ငန်းများအဖြစ် ဆောင်ရွက်သွားပါမယ်။

ပြည်သူလူထုအပေါင်းတို့ခင်ဗျား-

ကျွန်တော်တို့ပါတီဟာ တောင်သူလယ်သမားများအရေးနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးမြေနှစ်(၆၀)မြေငှားချထားပေးသည့်ဂရန်စနစ် ပြောင်းလဲကျင့်သုံးခြင်းဖြင့် မိမိလုပ်ကိုင်သည့်လယ်ယာမြေကို လွတ်လပ်စွာလွှဲပြောင်းပိုင်ခွင့်၊ ရောင်းဝယ်ပေါင်နှံခွင့်၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခွင့်တို့ကို ရရှိစေရန် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင်

- လယ်ယာထွက်ကုန်ပစ္စည်းများ ထိုက်တန်သည့်ဈေးနှုန်းရရှိစေမည့် ပြည်တွင်းပြည်ပဈေးကွက်ရရှိစေရေး၊
- စိုက်ပျိုးရေး အရင်းအနှီး၊ ချေးငွေပံ့ပိုးမှု ရရှိစေရေး၊
- စိုက်ပျိုးရေးကိရိယာ၊ ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ လောင်စာဆီနှင့် ခေတ်မီနည်းပညာပံ့ပိုးမှု ရရှိစေရေး၊
- ရေမြေသဘာဝ၊ ဈေးကွက်လိုအပ်ချက်တို့နှင့် ကိုက်ညီသော သီးနှံအမျိုးအစားကို လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးခွင့် ရရှိရေးနှင့်
- ထွက်ပေါ်လာသောသီးနှံများကို သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းများ ပြုလုပ်ရာတွင် လွတ်လပ်စွာဆောင်ရွက်ခွင့်ရရှိရေးတို့ကို ဆောင်ရွက်ပေးသွားပါမယ်။

ဒါ့အပြင် တောင်သူလယ်သမားများရဲ့ အရေးနဲ့ပတ်သက်လို့ တောင်သူလယ်သမားများကိုယ်တိုင်ထူထောင်သော အဖွဲ့အစည်းများ၊ သမဂ္ဂများကို လွတ်လပ်စွာ တည်ထောင်ခွင့်ပေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ အလုပ်သမားများအရေးနဲ့ပတ်သက်ပြီးတော့လည်း-

- လုပ်ငန်းခွင်သာယာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊
- အလုပ်ချိန်ခံစားခွင့်ဆိုင်ရာအခွင့်အရေးကို နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ ရရှိရေး၊
- လုပ်ငန်းအလိုက် သင်တင့်မျှတသည့် လုပ်အားခများ၊ လုပ်ခလစာများရရှိရေးနှင့်
- လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်မှုများနှင့် ပတ်သက်၍ ထိုက်သင့်မျှတသည့် နစ်နာကြေးနှင့်လျော်ကြေးခံစားခွင့်များရရှိရေးတို့ကို ဆောင်ရွက်ပေးသွားပါမယ်။

ကျွန်တော်တို့ပါတီဟာ လုပ်အားခိုင်းစေခြင်းနဲ့ပတ်သက်လို့-

- အခကြေးငွေလုံးဝမပေးဘဲ အလုပ်ခိုင်းစေခံရခြင်း၊
- လုပ်အားနှင့် ထိုက်တန်ညီမျှသော အခကြေးငွေမပေးဘဲ အလုပ်ခိုင်းစေခံရခြင်း၊
- တာဝန်နှင့် မသက်ဆိုင်သည့် အလုပ်ကို ခိုင်းစေခံရခြင်း၊
- မိမိစိတ်ဆန္ဒမပါသောအလုပ်ကို ခိုင်းစေခံရခြင်းတို့ကို မဖြစ်ပေါ်စေရန် ကာကွယ်စောင့်ရှောက်ပေးသွားပါမယ်။

ဒါ့အပြင် အလုပ်သမားများ၏အရေးကို အလုပ်သမားများကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့်ရှိသောအဖွဲ့အစည်းများ၊ သမဂ္ဂများဖွဲ့စည်းထူထောင်ခွင့်ပေးသွားမှာဖြစ်ပါတယ်။

ပြည်သူလူထုအပေါင်းတို့ခင်ဗျား-

ကျွန်တော်တို့ပါတီဟာ နိုင်ငံ့ဝန်ထမ်းများအရေးနဲ့ပတ်သက်ပြီး မိမိတို့ရဲ့အရည်အချင်းနဲ့အညီ ရာထူးအဆင့်အတန်း မှန်ကန်စွာထမ်းဆောင်ခွင့်ရရှိရေးနဲ့ ရာထူးအဆင့်အတန်းနဲ့ ထိုက်တန်တဲ့ လစာ၊ စရိတ်၊ ရိက္ခာနဲ့ အဆောင်အယောင်တွေ ခံစားခွင့်ရရှိဖို့ ဆောင်ရွက်ပေးသွားပါမယ်။



ပင်စင်စားတွေအတွက် ပိုမိုကောင်းမွန်ပြီး ပိုမိုခံစားခွင့်ရှိတဲ့ ပင်စင်စနစ်ဖြစ်လာအောင် စီစဉ်ပြဋ္ဌာန်းပေးမှာဖြစ်ပါတယ်။

တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ နိုင်ငံတာဝန်ကို ထမ်းဆောင်ရာမှာ မကြောင့်မကြ မတောင့်မတရအောင် လုံလောက်တဲ့လစာနဲ့ အထောက်အပံ့တွေ ပြည့်ပြည့်ဝဝပေးနိုင်အောင် လိုအပ်တဲ့ အခြေအနေတွေကို ဖန်တီးစီစဉ်ပေးသွားပါမယ်။

အိုမင်းမစွမ်းသူများ ဘဝရပ်တည်နိုင်ရေး၊ အမျိုးသမီးများဘဝလုံခြုံရေး၊ အမျိုးသမီးသဘာဝနဲ့ ကိုက်ညီတဲ့ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ အမျိုးသမီးများနဲ့ ကလေးသူငယ်များ လူကုန်ကူးမှုခံရခြင်းမှ ကင်းဝေးစေရေးတို့ကို ဆောင်ရွက်ပေးသွားပါမယ်။

ကလေးသူငယ်များနဲ့ အရွယ်မရောက်သေးသူများကို စစ်မှုထမ်းဆောင်စေခြင်း၊ အလုပ်သမားအဖြစ်ခိုင်းစေခံရခြင်းတို့ မဖြစ်ပေါ်စေရန် စောင့်ရှောက်ပေးသွားမှာဖြစ်ပါတယ်။

ကျောင်းသားလူငယ်အရေးကိုဆောင်ရွက်ရာမှာ ကျောင်းသားအရေးနဲ့ အမျိုးသားရေးကို ယှဉ်တွဲဆောင်ရွက်နိုင်စေဖို့ လွတ်လပ်တဲ့ကျောင်းသားအဖွဲ့အစည်းများ၊ သမဂ္ဂများထူထောင်နိုင်ရန် ဆောင်ရွက်ပေးသွားပါမယ်။

တက္ကသိုလ်ကျောင်းသားများကျောင်းနေစရိတ်နဲ့ စားသောက်စရိတ်များသက်သာချောင်ချိစေရန် နိုင်ငံတော်အစီအစဉ်ဖြင့် အိပ်ဆောင်များ၊ စာကြည့်တိုက်များ လုံလုံလောက်လောက် စီမံဖြည့်ဆည်းပေးသွားပါမယ်။ ပညာရည်ထူးချွန်သူများကို ပညာသင်စရိတ်နဲ့ အဆင့်မြင့်ပညာရပ်များ ဆက်လက်ဆည်းပူးနိုင်ရေးတို့အတွက် အထူးအစီအစဉ်များချမှတ်ပြီး ဖြည့်ဆည်းဆောင်ရွက်သွားပါမယ်။

ပြည်သူလူထုအပေါင်းတို့ခင်ဗျား-

ကျွန်တော်တို့ပါတီဟာ တရားစီရင်ရေးနဲ့ပတ်သက်ပြီး တရားဥပဒေရှေ့မှောက်မှာ လူတိုင်းတန်းတူ အခွင့်အရေးရှိစေပြီး နိုင်ငံသားတိုင်းမည်သူမဆိုဟာ-

- တရားစွဲဆိုပိုင်ခွင့်၊
- အမှုကျေအေးပိုင်ခွင့်၊
- ထုချေပိုင်ခွင့်၊
- အယူခံပိုင်ခွင့်တို့ကို ဥပဒေနဲ့အညီ ရရှိနိုင်စေရန် ကာကွယ်စောင့်ရှောက် ပေးသွားပါမယ်။

ကျွန်တော်တို့ပါတီဟာ နိုင်ငံတော်အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ အများပြည်သူတို့ရဲ့ မွေးရာပါ လူ့အခွင့်အရေးများ၊ ဒီမိုကရေစီ အခွင့်အရေးများ၊ ရပိုင်ခွင့်များနဲ့ခံစားခွင့်များကို တစ်စုံတစ်ရာ ထိခိုက်နစ်နာမှုမရှိစေဖို့ ကာကွယ်စောင့်ရှောက်ပေးသွားပါမယ်။

ကျွန်တော်တို့ပါတီဟာ ပြစ်ဒဏ်ကျခံနေရတဲ့ အကျဉ်းသားများကို -

- လူ့ဂုဏ်သိက္ခာချိုးနှိမ်ခံရခြင်းမရှိစေရန်နှင့်
- စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်ခံရမှု မဖြစ်ပေါ်စေရန် စောင့်ရှောက်ပေးသွားပါမယ်။

ဒါ့အပြင် ချုပ်ရက်ခံစားခွင့်၊ လျှော့ရက်ခံစားခွင့်၊ ဘာသာရေးကိုးကွယ်ယုံကြည်ခွင့်၊ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့်၊ မိသားစုဆွေမျိုးအသိုင်းအဝိုင်းနဲ့ဆက်သွယ်ခွင့်၊ သတင်းစာဂျာနယ် စာအုပ်စာတမ်းများသွင်းယူဖတ်ရှုခွင့် အစရှိသည်တို့ကို ရရှိခံစားနိုင်စေရန် ဆောင်ရွက်သွားပါမယ်။

နိုင်ငံတကာဆက်ဆံရေးမှာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူနဲ့ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသွားပါမယ်။

ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေး၊ နိုင်ငံအတွင်းမှာ မည်သည့်နိုင်ငံခြား တပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုရေးတို့ကို ကျင့်သုံးသွားပါမယ်။

နိုင်ငံတော်ကာကွယ်ရေးပိုင်းမှာလည်း စွမ်းရည်ထက်မြက်ပြီး စွမ်းအားကြီးမားတဲ့ မဟာဗျူဟာကာကွယ်ရေးစနစ်တစ်ရပ် ထူထောင်သွားနိုင်ဖို့ ဖြည့်ဆည်းဆောင်ရွက်သွားပါမယ်။

ပြည်သူလူထုအပေါင်းတို့ခင်ဗျား-

ကျွန်တော်တို့ပါတီဟာ အရှေ့အာရှ၊ တောင်အာရှနဲ့ အရှေ့တောင်အာရှဒေသ(၃)ခုရဲ့ စီးပွားရေးမှာ မဟာဗျူဟာကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်နိုင်အောင် ဒေသဆိုင်ရာကုန်သွယ်ရေးနဲ့ စီးပွားရေး မဟာဗျူဟာတစ်ခု ရေးဆွဲဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံအဖြစ်ကနေ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုနဲ့ စက်မှုကုန်ထုတ်လုပ်ငန်းများကို အခြေခံတဲ့ ခေတ်မီတိုးတက်တဲ့ စက်မှုနိုင်ငံအဖြစ်သို့ ရောက်ရှိအောင် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားနိုင်ရန် အခြေခံကျတဲ့ -

ပို့ဆောင်ရေး၊
ဆက်သွယ်ရေး၊
ဆောက်လုပ်ရေး၊
သိပ္ပံနှင့်နည်းပညာ၊
လယ်ယာစိုက်ပျိုးရေး၊
မွေးမြူရေးနှင့်ရေလုပ်ငန်း၊
စွမ်းအင်နှင့်လျှပ်စစ်၊
ဘဏ္ဍာရေးနှင့် ငွေကြေး၊
ဘဏ်လုပ်ငန်းနှင့် ကုန်သွယ်ရောင်းဝယ်ရေး၊
လူဝင်မှုကြီးကြပ်ရေးနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊
ပြန်ကြားရေး၊ သတင်း၊ စာနယ်ဇင်းနှင့် မီဒီယာ၊
စက်မှုလက်မှု၊ လူသုံးကုန်ပစ္စည်းနှင့် ဆေးဝါးထုတ်လုပ်မှု၊

အားကစား အစရှိသည်တို့ကို ကဏ္ဍအလိုက် နိုင်ငံတကာအဆင့်မီ တစ်ပြေးညီ ခေတ်မီတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်သူလူထုအပေါင်းတို့ခင်ဗျား-

ကျွန်တော်တို့ကိုယ်တိုင်ဦးဆောင်ပြီး ဒီမိုကရေစီအစိုးရနဲ့ ပါတီစုံဒီမိုကရေစီနိုင်ငံ ထူထောင်ရေးကို ပြည်သူလူထုရဲ့ထောက်ခံမှုနဲ့ ဆောင်ရွက်ပေးချင်ပါတယ်။

ပြည်သူလူထုရဲ့ တစ်ခဲနက်မဲပေးထောက်ခံမှုကိုရရှိပါမှ ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်လောင်းများ အနိုင်ရရှိပြီး ပြည်သူလူထုအတွက် ပြည်သူ့ကိုယ်စားလှယ်များအဖြစ် တရားဝင်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ အနီရောင်အောက်ခံပေါ်မှာ အရွယ်တူကြယ်ဖြူခုနစ်လုံးစီ အထက်အောက်ပါရှိပြီး အလယ်မှာ အဖြူရောင်နောက်ခံအဝိုင်းနဲ့ အစိမ်းရောင် က ဒေါင်းပါဝင်တဲ့ သင်္ကေတကို အသုံးပြုထားပါတယ်။

ပြည်သူလူထုအနေနဲ့ ကျွန်တော်တို့ပါတီကို ထောက်ခံပေးဖို့ က ဒေါင်းဘေးမှာ အမှန်ခြစ်ပေးပါ။ ဒါဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီနဲ့ ပြည်သူလူထုက ထပ်တူထပ်မျှ သဘောထားတူညီကြောင်း ပြသပေးရာ ရောက်တယ်လို့ အလေးအနက်ပြောကြားအပ်ပါတယ်။

မြန်မာနိုင်ငံသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂

အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးတင်ဝင်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

လေးစားရပါသော မိဘပြည်သူများခင်ဗျား-

ကျွန်တော်ကတော့ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးတင်ဝင်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းလည်း ဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျာ-

ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးဟာ ကျွန်တော်တို့ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ရဲ့ အန္တိမရည်မှန်းချက်ဖြစ်ပါတယ်။ ငြိမ်းချမ်းသာယာပြီး တိုင်းရင်းသားအားလုံး ချစ်ကြည်ရင်းနှီးစွာ၊ စည်းလုံးညီညွတ်စွာနဲ့ တစုတဝေးတည်းနေထိုင်ကြတဲ့ နိုင်ငံတော်ကြီးဖြစ်မှသာလျှင် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော လူမျိုးဘာသာအဆင့်အတန်းမရွေး ပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတွေနဲ့ ပြည့်စုံကြမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာ ငြိမ်းချမ်းရေးရှိမှသာလျှင် တည်ငြိမ်သော နိုင်ငံရေးစနစ်၊ ဖွံ့ဖြိုးမှုကို ဆောင်ကြဉ်းပေးနိုင်သော စီးပွားရေးစနစ်များ ထွန်းကားနိုင်မည်ဖြစ်တဲ့အတွက် ကျွန်တော်တို့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ရဲ့ ပထမဆုံးဆောင်ပုဒ်အဖြစ် "ငြိမ်းချမ်းရေးသည် ပထမ" လို့ သတ်မှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

ငြိမ်းချမ်းသာယာသော ပြည်ထောင်စုကြီးမှာ တိုင်းရင်းသားအားလုံးဟာ လူတို့၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်များ၊ မိမိတို့ဆန္ဒနှင့်အညီ နေထိုင်လုပ်ကိုင် ပရိယေသနဝမ်းစာရှာနိုင်ခွင့်များ ရရှိနိုင်ဖို့အတွက် နိုင်ငံတော်အတွင်းမှာ နိုင်ငံသားများရဲ့ အခွင့်အရေးကို လုံခြုံစွာအာမခံချက်ပေးနိုင်မယ့် တည်ငြိမ်တဲ့ ဒီမိုကရေစီစနစ်တစ်ခု ခိုင်ခိုင်မာမာ တည်ရှိဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ခိုင်မာအောင် တည်ဆောက်နိုင်မှသာလျှင် နိုင်ငံသူနိုင်ငံသားအားလုံး လူ့ကျင့်ဝတ်၊ လူ့သိက္ခာ၊ လူ့တန်ဖိုးများကို ပြည့်ပြည့်ဝဝခံစားနိုင်မယ်လို့ ယုံကြည်တဲ့အတွက် ကျွန်တော်တို့ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ရဲ့ ဒုတိယဆောင်ပုဒ်အဖြစ် "ဒီမိုကရေစီရေးသည် အဓိက" လို့ သတ်မှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျာ-

ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ သဘာဝရဲ့ ကောင်းချီးပေးမှုကိုရရှိတဲ့အတွက် သဘာဝသယံဇာတများဖြစ်တဲ့ အဖိုးတန်ကျွန်းသစ်များ ပေါက်ရောက်ရာ သစ်တောကြီးများ၊ ဓာတ်သတ္တုမျိုးစုံထွက်ရှိရာ သတ္တုတွင်းများ၊ မြောက်မြားလှစွာသောရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်ကြီးများ၊ အဖိုးတန်ကျောက်မျက်ရတနာမြေတို့ဖြင့် ပြည့်လျှံနေတဲ့ အဖိုးတန်နိုင်ငံတော်ကြီး ဖြစ်ပါတယ်။ လူသားအရင်းအမြစ်များ အရဆိုရင်လည်း ဒေသတွင်း နိုင်ငံများနှင့်ယှဉ်လျှင် ပညာတတ်ဦးရေအများဆုံးဖြစ်တဲ့အပြင် လူရည်ချွန်လူရည်မွန်များ ပေါ်ထွန်းရာနိုင်ငံလည်း ဖြစ်တဲ့အတွက် ကျွန်တော်တို့ မြန်မာတွေရဲ့ လုပ်ရည်ကိုင်ရည်၊ မြန်မာတွေရဲ့ဉာဏ်စွမ်း၊ မြန်မာတွေရဲ့ အစွမ်းအစတွေဟာ ဘယ်နိုင်ငံ ဘယ်လူမျိုးနှင့်မဆို ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်တဲ့ အဆင့်အတန်း ရှိပါတယ်။ စီးပွားရေး မူဝါဒများကို လမ်းညွှန်ထိန်းကျောင်း အကောင်အထည်ဖော်တာကလည်း လွှတ်တော်အသီးသီးမှ ပြဋ္ဌာန်းပေးရမည့် ဥပဒေများ ဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများဟာ ပြည်သူများက ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရပါလျှင်- (က) ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်မည့် ဥပဒေများပေါ်ပေါက်ရေး၊ (ခ) ပြည်သူများ၏ အကျိုးစီးပွားကို ဆန့်ကျင်သည့် ဥပဒေများကို ပယ်ဖျက်ရေးများကို စွမ်းစွမ်းတမံ ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်သွားမယ်ဆိုတဲ့ အဓိဋ္ဌာန်ကြောင့် "ပြည်သူ့ဘဝ ပြောင်းလဲတိုးတက်ရေးသည် ပဓာန" ဆိုတဲ့ တတိယမြောက် ဆောင်ပုဒ်ကို ကျွန်တော်တို့ရဲ့ ရွေးကောက်ပွဲ ကြွေးကြော်သံအဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျာ-

ဒါ့ကြောင့် ငြိမ်းချမ်းရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် အဓိက၊ ပြည်သူ့ဘဝပြောင်းလဲတိုးတက်ရေးသည် ပဓာနဆိုတဲ့ ကြွေးကြော်သံကို ကိုင်စွဲပြီး ကျွန်တော်တို့ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ရဲ့ ပြည်သူ့သစ္စာတော်ခံ လွှတ်တော်ကိုယ်စားလှယ်လောင်းများဟာ အမျိုးသားရေးကိုဦးထိပ်ထားပြီးတော့ ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ စွန့်လွှတ်အနစ်နာခံဆောင်ရွက်သွားကြမယ်လို့ ဝန်ခံကတိပြုအပ်ပါတယ်။

မိဘပြည်သူများခင်ဗျာ-

ဆက်လက်ပြီး ကျွန်တော်တို့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့နဲ့ဆိုင်တဲ့ မူဝါဒသဘောထားများကို တင်ပြသွားမှာဖြစ်ပါတယ်။

နိုင်ငံရေးနဲ့ ပတ်သက်တဲ့မူဝါဒကတော့-

၁။ စစ်မှန်သော ပါတီစုံစနစ်ဖြစ်ပေါ်စေရန်နှင့် တည်ငြိမ်အေးချမ်းသော နိုင်ငံရေးစနစ် ပေါ်ပေါက်စေရန် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၂။ သဘောထားကွဲပြားမှုများအား ညှိနှိုင်းဖြေရှင်းသော နည်းလမ်းများဖြင့်သာ အောင်မြင်အောင် ဆောင်ရွက်သွားမည်။

၃။ အခြေခံဥပဒေမှ ပေးအပ်ထားသော လွတ်လပ်ခွင့်များအား ပြည်သူ့အကျိုးစီးပွားပျက်ပြားစေနိုင်သည့် ကိစ္စရပ်များ ရှောင်ရှားလျက် အပြည့်အဝ အသုံးချသွားမည်။

၄။ အခြေခံဥပဒေအရ ပေးအပ်ထားသည့် ထိန်းကျောင်းမှုစနစ် check and balance များကို ထိရောက်စွာ အသုံးချသွားမည်။

၅။ ပြည်သူများအတွင်း နက်ရှိုင်းစွာ ထိုးဖောက်၍ ပြည်သူတို့၏ ဆန္ဒ၊ သဘောထား၊ နစ်နာချက်၊ လိုအပ်ချက်အစစ်အမှန်များ သိရှိနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။

၆။ ရရှိလာသော သဘောထားအစစ်အမှန်များကို စုစည်း၍ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကဏ္ဍအသီးသီးရှိ ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်၍ လိုအပ်သော ဥပဒေ၊ မူဝါဒ၊ လုပ်ငန်းစဉ်များ သတ်မှတ်နိုင်ရေး ဆောင်ရွက်သွားမည်။

၇။ မိမိပါတီအတွင်း ပါတီဝင်များအားလုံး စွမ်းရည်ပြည့်ဝစေရေးနှင့် နိုင်ငံတာဝန်ကို ထမ်းဆောင်ရပါက အရည်အချင်းပြည့်ဝသော၊ သမာဓိတရားရှိသော၊ ပြည်သူ့အပေါ် သစ္စာစောင့်သိသော ခေါင်းဆောင်ကောင်းများ ဖြစ်ပေါ်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးသွားမည်။

၈။ ပြည်သူများအတွင်း ဒီမိုကရေစီစနစ်၏ အခွင့်အရေးများအပြင် တာဝန်သိမှုများပါ လိုအပ်ကြောင်းကို သိရှိနိုင်စေရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

စီးပွားရေးနဲ့ပတ်သက်တဲ့ မူဝါဒတွေကတော့-

၁။ နိုင်ငံသားများ ဓနဥစ္စာစုဆောင်းခြင်း (accumulation of wealth)အား ပုဂ္ဂလိက စီးပွားရေးကဏ္ဍဖြင့် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်မှ နည်းလမ်းပေါင်းစုံဖြင့် အားပေးခြင်း။

၂။ ရရှိလာသည့် ဓနအင်အားများအား ပြည်သူများ မျှဝေခံစားနိုင်စေရန်အတွက် ဓနဥစ္စာဖြန့်ဝေခြင်း (distribution of wealth) မျှတစွာ ဖြစ်ပေါ်စေရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ခြင်း။

၃။ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးပွားစေရန် နှစ်ဦးနှစ်ဖက် မျှတသည့် အကျိုးခံစားခွင့်များ ရရှိစေခြင်း၊ မလိုလားအပ်သည့် လုပ်ထုံးလုပ်နည်းအတားအဆီးများ ဖယ်ရှားခြင်း။

၄။ စည်းကမ်းစနစ်ကျနသည့် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးကူညီခြင်း၊ ဘဏ်များပြိုလဲခြင်းကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးပျက်ကပ်များမှ ရှောင်ရှားနိုင်ရန် နိုင်ငံတော်မှ ကြီးကြပ်ပေးခြင်း၊ ဒေသဆိုင်ရာ ဘဏ်လုပ်ငန်းများဖြစ်ပေါ်စေရန် ဆောင်ရွက်ခြင်း။

၅။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (S.M.E) တိုးတက်ဖြစ်ပေါ်စေရန်၊ လိုင်စင်အခွန်အခများ လျှော့ချခြင်း၊ ဘဏ်ချေးငွေများ ရရှိနိုင်ရန် ဖန်တီးပေးခြင်း။

၆။ ပြည်သူလူထု၏ ပိုလျှံသောဝင်ငွေများအား ပြန်လည်ရင်းနှီးမြှုပ်နှံနိုင်ရန် လီမိတက်ကုမ္ပဏီများအား အများပိုင်ကုမ္ပဏီများ ဖြစ်ပေါ်စေရန် တွန်းအားပေးဆောင်ရွက်ခြင်း။

၇။ ဈေးကွက်စီးပွားရေးစနစ်၏ မရှိမဖြစ်သောအရာဖြစ်သည့် စတော့ရှယ်ယာဈေးကွက်ဖော်ထုတ်၍ စနစ်တကျဖြစ်စေရန် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ခြင်း။

၈။ တောင်သူလယ်သမားများ လွတ်လပ်စွာ စိုက်ပျိုး၊ သိုလှောင်၊ ကြိတ်ခွဲ၊ ရောင်းချခွင့်ပေးခြင်း။

၉။ တောင်သူများအား စိုက်ပျိုးချိန် လိုအပ်သည့်အရင်းအနှီးများအား လက်ရှိဆောင်ရွက်နေသည့် အထူးပြုကုမ္ပဏီများအဆင့်မှ တောင်သူလယ်သမားဘဏ်လုပ်ငန်းများ ဖြစ်ပေါ်စေရန် နည်းလမ်းများရှာကြံဆောင်ရွက်ခြင်း။

၁၀။ တောင်သူလယ်သမားများ မနစ်နာစေရန်အတွက် သက်ဆိုင်ရာသီးနှံအလိုက် အနိမ့်ဆုံးဈေးများ သတ်မှတ်ပေးရန်နှင့် လိုအပ်ပါက နိုင်ငံတော်မှ ဓနအင်အားနှင့် ကူညီပေးခြင်း၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း။

၁၁။ နိုင်ငံ၏ သယံဇာတများမှရရှိသော ဝင်ငွေများအား နိုင်ငံသားအားလုံး မျှဝေခံစားနိုင်စေမည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်သွားမည်။

၁၂။ ပြည်သူများအတွင်း လတ်တလော လိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီး၊ သန့်ရှင်းသောရေ၊ တည်ငြိမ်သော ကုန်ဈေးနှုန်း၊ တန်ဖိုးနည်းအိမ်ရာ၊ သွားလာမှုသက်သာလွယ်ကူခြင်း၊ စိတ်ချရသော ဆက်သွယ်ရေးစနစ် စသည်တို့ကို ဦးစားပေး ဆောင်ရွက်သွားမည်။

၁၃။ အလုပ်လက်မဲ့နှုန်းထား ကျဆင်းပြီး ပြည်သူအများ အလုပ်ရရှိနိုင်မည့် (labour intensive) ပုဂ္ဂလိကလုပ်ငန်းများ ထူထောင်စေခြင်း၊ ထိုလုပ်ငန်းများ ဖွံ့ဖြိုးစေရန် အခွန်အခများ ကင်းလွတ်သက်သာခွင့်ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်။

၁၄။ နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းကြီးများအား ကမ္ဘာ့ဈေးကွက်နှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် နှစ်တိုစီမံကိန်းများဖြင့် ဆောင်ရွက်ခြင်း။

၁၅။ လျှပ်စစ်စွမ်းအား တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ရေအားလျှပ်စစ်အပြင် သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ နေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ biofuel၊ အဏုမြူစွမ်းအား အစရှိသည့် လျှပ်စစ်စွမ်းအား ထုတ်လုပ်နိုင်မည့် ကဏ္ဍများကိုလည်း တိုးတက်စေရန် ဆောင်ရွက်သွားမည်။

ပညာရေးနဲ့ပတ်သက်တဲ့ မူဝါဒများကတော့-

၁။ လူတိုင်း ပညာတတ်စေရန် ကြိုးပမ်းသွားမည်။

၂။ မိသားစုများအတွက် ပညာရေးအသုံးစရိတ်များ လျှော့ချပေးနိုင်မည့် နည်းလမ်းများ ရှာဖွေကျင့်သုံးမည်။

၃။ လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချရမည့် လက်တွေ့လုပ်ငန်းပညာရေး ပိုမိုထွန်းကားစေရန် ဆောင်ရွက်မည်။

၄။ ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာသင်ဌာနများ ဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်မည်။

ကျန်းမာရေးနဲ့ပတ်သက်တဲ့မူဝါဒများကတော့-

၁။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုအား ပြည်သူအားလုံး အခမဲ့ခံစားနိုင်စေရန် ဆောင်ရွက်မည်။

၂။ ကျန်းမာရေး အသုံးစရိတ်များကို အခြေခံလူတန်းစားများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပိုမိုသုံးစွဲသွားမည်။

၃။ ကမ္ဘာ့အဆင့်မီ ဆေးဝါးကုသမှုဌာနများ ဖြစ်ပေါ်စေရန် ပုဂ္ဂလိကနှင့် အစိုးရ ဟန်ချက်ညီစွာ ကြိုးပမ်းဆောင်ရွက်သွားမည်။

မိဘပြည်သူများခင်ဗျာ-

ဒီမူဝါဒတွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ကျွန်တော်တို့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်အနေနဲ့ ရိုးသားဖြူစင်ဖြောင့်မတ်မှု၊ ပေးအပ်လာတဲ့ တာဝန်များကို အောင်မြင်အောင် ထမ်းဆောင်နိုင်တဲ့ အရည်အချင်းပြည့်ဝမှု၊ ပြည်သူများနှင့် တစ်သားတည်းဖြစ်ပြီး ပြည်သူများရဲ့ အကျိုးစီးပွားအတွက် ရဲရဲဝံ့ဝံ့ ရပ်တည်နိုင်မှု၊ စွန့်လွှတ်အနစ်နာခံနိုင်မှုစတဲ့ အရည်အချင်းများနဲ့ ပြည့်စုံတဲ့ ကျွန်တော်တို့ မဟာမိတ်အဖွဲ့ချုပ်ရဲ့ ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ခံနိုင်ဖို့ ပြည်သူများရှေ့မှောက်ကို ပို့ဆောင်ပေးလိုက်ပါတယ်။ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများကတော့-

(၁)	ဦးတင်ထွန်းမောင်	ရန်ကုန်တိုင်းဒေသကြီး	အမျိုးသားလွှတ်တော်	မဲဆန္ဒနယ်(၁၀) မင်္ဂလာဒုံ၊ အင်းစိန်
(၂)	ဦးကြည်ဝင်း	ပြည်သူ့လွှတ်တော်	ရန်ကုန်တိုင်းဒေသကြီး	မင်္ဂလာဒုံမြို့နယ်
(၃)	ဦးအုန်းလွင်	ဧရာဝတီတိုင်းဒေသကြီး	အမျိုးသားလွှတ်တော်	မဲဆန္ဒနယ်(၁၁) ဘိုကလေး၊ ကျိုက်လတ်
(၄)	ဦးတင်ဝင်း	ပြည်သူ့လွှတ်တော်	ဧရာဝတီတိုင်းဒေသကြီး	ကျိုက်လတ်မြို့နယ်
(၅)	ဦးသိမ်းကြည်	ပြည်သူ့လွှတ်တော်	ရန်ကုန်တိုင်းဒေသကြီး	အလုံမြို့နယ်
(၆)	ဦးဝင်းဇော်	ပြည်သူ့လွှတ်တော်	မန္တလေးတိုင်းဒေသကြီး	မိတ္ထီလာမြို့နယ်
(၇)	ဦးအောင်သန်းတင့်	မကွေးတိုင်းဒေသကြီး	အမျိုးသားလွှတ်တော်	မဲဆန္ဒနယ်(၄) တောင်တွင်းကြီးမြို့နယ်
(၈)	ဦးကျော်စွာစိုး	ပြည်သူ့လွှတ်တော်	မကွေးတိုင်းဒေသကြီး	စလင်းမြို့နယ်
(၉)	ဦးသိန်းလွင်	ပြည်သူ့လွှတ်တော်	မန္တလေးတိုင်းဒေသကြီး	ပျဉ်းမနားမြို့နယ်
(၁၀)	ဦးညွန့်မောင်	ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်		လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်(၁)
(၁၁)	ဦးအုန်းသောင်	ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်		မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်(၁)
(၁၂)	ဦးကျော်စိုးမြင့်	ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်		မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်(၂)
(၁၃)	ဦးညွန့်ဝေ	မကွေးတိုင်းဒေသကြီးလွှတ်တော်		မင်းဘူးစကု မဲဆန္ဒနယ်(၂)

တို့ ဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျာ-

ကျွန်တော်တို့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်အနေနဲ့ ပြည်သူ့သစ္စာတော်ခံ ဒေါင်ဒေါင်မြည် ကိုယ်စားလှယ်လောင်းများကို ပြည်သူများရှေ့မှောက်ကို ပို့ဆောင်ပေးလိုက်ပါပြီ။ မိဘပြည်သူများရဲ့ ဆင်ခြင်တုံတရားများနှင့် လေ့လာသုံးသပ် ဆုံးဖြတ်ပြီး အမှန်ကန်ဆုံး ရွေးချယ်နိုင်မယ်လို့ ယုံကြည်ပါကြောင်း ပြောကြားရင်းနဲ့ ကျွန်တော့်ရဲ့ တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ဘာကြောင့် စာဖတ်ရမှာလဲ

ချစ်နိုင် (စိတ်ပညာ)

နိဒါန်း

ချစ်စွာသော စာဖတ်သူများခင်ဗျား

စာရေးသူ တင်ပြလိုတဲ့ အကြောင်းအရာကတော့ စာဖတ်သူများနဲ့ ကျွန်တော်တို့အားလုံးဟာ "ဘာကြောင့် စာဖတ်ရမှာလဲ"ဆိုတဲ့ မေးခွန်းမေးလာခဲ့သော် ဖြေကြည့်တဲ့ အဖြေစကား၊ အကြောင်းပြချက်များပဲ ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးနဲ့ စီမံခန့်ခွဲရေးဆိုင်ရာ ဂုရုဆရာကြီးတစ်ဆူဖြစ်တဲ့ ပီတာ၊ အက်ဖ်၊ ဒရပ်ကား (၁၉၀၉-၂၀၀၅) ဆိုတဲ့ ပါမောက္ခကြီးဟာ နှစ်ဆယ်ရာစုမှာ အလွန်တရာထူးချွန်ထင်ရှားတဲ့ ပညာရှင်တစ်ဦးပါ။ သူက အောက်ပါအတိုင်း သူ့ရဲ့အမြင်ကို တစ်ခါက ရေးသားခဲ့ဖူးပါတယ်-

"လာတော့မယ့် လူ့အဖွဲ့အစည်းအသစ်ဟာ ကျွန်တော်တို့ ယခင်က ကြုံခဲ့ဖူးတဲ့ နှစ်ဆယ်ရာစုနှောင်းပိုင်းက လူ့ဘောင်မျိုးနဲ့ တူလိမ့်မယ်မဟုတ်ပါဘူး။

"ကြုံခဲ့ဖူးသမျှ စိတ်ကူးထားကြသမျှနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လိမ့်မယ်။ အဲဒီလူ့အဖွဲ့အစည်းသစ်ရဲ့ အစိတ်အပိုင်းတော်တော်များများဟာ အခုပင် စတင်နေပြီ ဖြစ်တယ်။ ဒါမှမဟုတ် အလွန်တရာ လျင်မြန်စွာ ပေါ်ထွက်နေပြီလို့ ပြောနိုင်ပါတယ်"တဲ့။

နှစ်ဆယ့်တစ်ရာစုဟာ ခေတ်သစ်တစ်ခု ပေါ်ထွန်းပါလိမ့်မယ်။ ဒါဟာ အမြော်အမြင်ကြီးမားတဲ့ ပညာရှင်များရဲ့ အမြင်ဖြစ်ပါတယ်။ ဒါဆိုရင် ကျွန်တော်တို့ ကြိုတင်ပြင်ဆင်ကြရပေမှာပေါ့။ အနာဂတ်ခေတ်သစ်အတွက် ဘာလိုသလဲ။ အရေးကြီးတာ လေ့လာကြည့်ကြရအောင်။

စစ်ပွဲကြီးများ

နှစ်ဆယ်ရာစုအတွင်းမှာ လူ့သမိုင်းတစ်လျှောက်အနေနဲ့ ထူးခြားတဲ့ မှတ်တိုင်ကြီးတွေ အများကြီးရှိခဲ့ပါတယ်။ အဲဒါတွေကို ကျွန်တော်တို့ သိဖို့ကောင်းတယ်။ ဒီထဲမှာ အထူးခြားဆုံး အရာနှစ်ခုကတော့ လူသား သန်းပေါင်းများစွာကို သေကျေဆုံးရှုံးစေခဲ့တဲ့ ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်ပွားခဲ့ခြင်းပါ။ ကြောက်ရွံ့စရာ၊ ထိတ်လန့်စရာဖြစ်ရပ်ကြီးတွေဟာ လူသားတွေကြောင့် လူ့သမိုင်းမှာ ရိုင်းစိုင်းခက်ထန်စွာ တကယ်ပဲ ဖြစ်ပွားခဲ့ပါတယ်။

ဒီပထမကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ် နှစ်ကြိမ်စလုံးမှာ ဝင်ရိုးစွန်းနိုင်ငံများဘက်က ရှုံးနိမ့်ခဲ့ပြီး မဟာမိတ်အုပ်စုနိုင်ငံများဘက်က အနိုင်ရခဲ့ကြပါတယ်။ ဘာကြောင့် မဟာမိတ်တွေ အနိုင်ရတာလဲ။ အဖြေတွေအမျိုးမျိုး ရှိပေလိမ့်မယ်။

အရင်းအမြစ်အကျဆုံး ဖော်ထုတ်လိုက်တဲ့အခါ ပီတာဒရပ်ကား (၁၉၀၉-၂၀၀၅) ရဲ့ အဆိုအရ **"စစ်ပွဲရဲ့ အဆုံးအဖြတ်အဖြေဟာ စီမံခန့်ခွဲမှုပညာမှာရှိတယ်"**တဲ့။ တိုတိုပြောရရင် စီမံခန့်ခွဲမှုသာတဲ့ လူတွေဘက်က နိုင်တာပဲပေါ့။ ခေါင်းဆောင်မှုကောင်းလို့၊ အုပ်ချုပ် ထောက်ပံ့မှုကောင်းလို့ စသည်ဖြင့် အမျိုးမျိုး ကောက်ချက်ဆွဲကြတာတွေလည်း ရှိတာပေါ့။ ထားပါတော့။

ဒီတော့ စက်မှုခေတ်ပဲဖြစ်ဖြစ်၊ သိပ္ပံနဲ့ နည်းပညာခေတ်ပဲဖြစ်ဖြစ်၊ စီမံခန့်ခွဲမှု ပညာအားကောင်းတဲ့ သူတွေက အသာစီးရရှိပြီး စီမံခန့်ခွဲမှုမှာ အားနည်းကြသူတွေဟာ အကျအရှုံးဘက်၊ အနိမ့်ဘက်မှာ ကျန်ရစ်ပါလိမ့်မယ်။

ရှင်းပါပြီ။ သဲသဲကွဲကွဲမြင်ရပြီနော်။

စီမံခန့်ခွဲမှု

စီမံခန့်ခွဲမှုဆိုတာ တိုင်းပြည် နိုင်ငံနဲ့ချီပြီး ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်၊ လုပ်ပိုင်ခွင့်ခွဲဝေမှုစနစ်တွေနဲ့ ဆိုင်သလို လူသားတစ်ဦးချင်းစီရဲ့ အလုပ်စီမံခန့်ခွဲမှု၊ အချိန်စီမံခန့်ခွဲမှု၊ ဘဝစီမံခန့်ခွဲမှုတွေနဲ့ကော မဆိုင်ပေဘူးလား။ ဆိုင်တာပေါ့။ ပြည်သူလူထုရဲ့ ရွေးချယ်မှု၊ ဆုံးဖြတ်မှု၊ ပါဝင်လုပ်ဆောင်မှုတွေကို အလေးထားတဲ့ ဒီမိုကရေစီစနစ်မှာ ပိုပြီးအရေးပါတာပေါ့။ လူတွေရဲ့ အတွေးအခေါ်၊ အသိအမြင် စွမ်းရည်။

မီးဖိုကြီးတစ်ခုလုံးဟာ ထင်းချောင်းတစ်ချောင်းချင်းရဲ့ လောင်ကျွမ်းနိုင်စွမ်းအားတွေ စုပေါင်းထားတာပါပဲ။

ပင်လယ်သမုဒ္ဒရာဆိုတာလည်း မိုးရေစက်၊ မိုးရေပေါက်တွေ တစ်ပေါက်ချင်းကို စုပေါင်းထားတာပါပဲ။

တောင်တန်းတောင်ထွတ်ကြီးတွေဟာလည်း သဲမှုန်၊ ကျောက်မှုန် တစ်ခုချင်းစီ သိန်းသန်းကုဋေများစွာ စုပေါင်းပြီး ပေါ်ထွန်းလာတာမဟုတ်လား၊ တစ်ပွင့်ချင်းရဲ့ စွမ်းအား။

ဘဝစီမံခန့်ခွဲမှု

နိုင်ငံသား၊ နိုင်ငံသူတစ်ဦးချင်းစီရဲ့ ဘဝစီမံခန့်ခွဲမှု၊ အချိန်စီမံခန့်ခွဲမှု၊ အလုပ်စီမံခန့်ခွဲမှုတွေ ကောင်းရင် ကောင်းသလောက် အဲဒီနိုင်ငံ ဖွံ့ဖြိုးတိုးတက်ပြီး အထက်တန်းရောက်မှာဖြစ်သလို အကယ်၍သာ စီမံခန့်ခွဲမှုပညာ ညံ့ဖျင်းနုံချာခဲ့သည်ရှိသော် ထိုလူသားဟာ စောစောသေမယ်။ သို့မဟုတ် ဒုက္ခိတ၊ မသန်မစွမ်းဖြစ်မယ်။ သို့မဟုတ် တစ်သက်တာလုံး မပျော်မရွှင်နဲ့၊ မအောင်မမြင်နဲ့ နေသွားရလိမ့်မယ်။ နိုင်ငံအတွက် တိုးတက်အောင် သူကဆောင်ရွက်ဖြည့်စွမ်းပေးနိုင်မှာ မဟုတ်ပါဘူး။ အသုံးမကျနိုင်ဘူး။

နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ပါဘူးဆိုတဲ့စကားမျိုးနဲ့ အကျိုးမဲ့ဝေဖန်တတ်သူအချို့ ရှိတတ်ပေသေးရဲ့။

နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ပေမယ့် အဲဒီသေးငယ်သော နှမ်းစေ့ကလေးပေါင်းများစွာရှိမှ နှမ်းဆီဆိုတဲ့ဆီက ဖြစ်လာနိုင်တာလေ။ တစ်ဦးချင်းရဲ့ဘဝတွေကို တန်ဖိုးထားရပါမယ်။

တစ်ဦးချင်းစီ

စပါးတစ်စေ့၊ နှစ်စေ့နဲ့ ဘာမှမထူးပါဘူးလို့ ထင်ရပေမယ့် စပါးခင်းတွေ များစွာပေါင်းမှ စပါးထွက်ပေါ်တဲ့အခါ လူသားသန်းပေါင်းများစွာရဲ့ အစာအာဟာရ ဆန်တွေ၊ ထမင်းတွေ ဖြစ်ပေါ်လာရတာမဟုတ်လား။

လူတစ်ဦးချင်းစီ၊ တစ်ဦးချင်းစီရဲ့ မိမိဘဝကို မှန်ကန်ကောင်းမွန်စွာ စီမံခန့်ခွဲတတ်မှုဟာ အလွန်ပဲ အရေးကြီးလှကြောင်း ထင်ရှားမြင်သာလာပါပြီ။

အဓိကကတော့ လူတွေရဲ့ပညာရေးပါပဲ။

ကလေးတွေ ကျောင်းသင်ပညာရေး အခြေခံကောင်းရပါမယ်။

မိသားစုဘဝအတွင်းက ပြုစုပျိုးထောင်မှုသည်လည်း အစောဆုံးမို့ အခြေခံကျတာပါပဲ။ မိဘကအစ အမြော်အမြင် ရှိရမယ်။

လူဟာ ပတ်ဝန်းကျင်နဲ့ ဆက်ဆံရေးတုံ့လှယ်ပြီး အသိအမြင် ဖွံ့ဖြိုးလာရပါတယ်။ ပတ်ဝန်းကျင်ရပ်ရွာမြို့ပြ လူနေမှု ဘဝ၊ လူ့အဖွဲ့အစည်းရဲ့ ဆက်ဆံရေး ပုံသွင်းမှုဟာလည်း အရေးကြီးကြောင်း ဝန်ခံရမှာပါ။ တကယ်တော့ မိသားစုအခြေအနေ၊ ကျောင်းသင်ပညာရေးအခြေအနေ၊ အားကစား၊ အနုပညာ၊ မျိုးချစ်စိတ်၊ ဘာသာတရား ကိုင်းရှိုင်းမှု၊ လူမှုဝန်ထမ်းစိတ်ထားဖြစ်တဲ့ အများကောင်းကျိုးကို သယ်ပိုးလိုမှုစိတ်ဓာတ်၊ အချိန်အသုံးချပုံ၊ အလုပ်စီမံခန့်ခွဲပုံတွေဟာ လူတစ်ဦးရဲ့ရွေးချယ်တန်ဖိုးထားမှု ကိုယ်ရည်ကိုယ်သွေးအလိုက် ကွဲပြားခြားနားသွားကြမှာပါ။

ဒီပုတ်ထဲက ဒီပဲဆိုတာမျိုး ပြောလို့မရပါဘူး။

ချင့်ချိန်နိုင်စွမ်းအား

လူချင်းတူပေမယ့် အသက်ရှူချင်းကွဲကြတယ်။

တစ်အူထုံ့ဆင်း ညီအစ်ကိုချင်းတောင်မှ အကြိုက်၊ စရိုက် အားလုံးတော့ မတူညီကြဘူး မဟုတ်လား။ ကွဲပြားမှု တစ်စုံတစ်ခုတော့ ရှိတတ်ကြသေးတယ်။

စာဖတ်ဖို့လိုတယ်။

ဘဝစီမံမှုက အရေးကြီးတယ်မဟုတ်လား။

စာများများဖတ်ရင် များများသိတော့ ဘဝကို စီမံခန့်ခွဲရာမှာ လမ်းလွဲလမ်းမှား ချောက်ကမ်းပါးတွေကို ကြိုတင်ကြည့်မြင်နိုင်တာပေါ့။ လမ်းကောင်းလမ်းမှန်ကို ရွေးချယ်ပြီး အချိန်ကို အကျိုးရှိအောင် အသုံးချတတ်တယ်။ အလုပ်ကို အကြီးအသေး၊ အလေးအပေါ့ ခွဲခြားတတ်တယ်။ အလုပ်တစ်ခုရဲ့ ပေါ်ထွက်လာမယ့် အကောင်းအဆိုးကို ချင့်ချိန်တတ်မယ်။

စာဖတ်တဲ့လူက စာမဖတ်တဲ့လူထက် သိသိသာသာ ခေါင်းတစ်လုံးစာမက ပိုမြင့်ပြီး ပိုမြင်နိုင်ပါတယ်။

စာကြည့်တိုက်မှူး

နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲကာလအတွင်းမှာ ဖက်ဆစ်ဂျပန်တွေကို တော်လှန်ကြရပါတယ်။ အဲဒီအခါမှာ ဗမာ့လွတ်လပ်ရေးတပ်မတော်ထဲကို ဟိန္ဒူးသတ္တုမိုင်း အလုပ်သမားတစ်ယောက်ဟာ ယိုးဒယားမှ ရန်ကုန်သို့ တိုက်ခိုက်ချီတက်လာတဲ့စစ်ကြောင်းမှာ ရဲဘော်အဖြစ် ဝင်ရောက်လိုက်ပါလာခဲ့တယ်။ သူက ဟိန္ဒူးသတ္တုတွင်း အလုပ်သမားစာကြည့်တိုက်မှာ "စာကြည့်တိုက်မှူး" စေတနာ့ဝန်ထမ်းလုပ်တယ်။ သူက အတန်းပညာ ရှစ်တန်း၊ ကိုးတန်းသာအောင်ပေမယ့် စာဖတ်ဝါသနာထုံတော့ အလွန်စာဖတ်အားကောင်းတယ်။ ဘီအိုင်အေမှာ သူဟာ ရာထူးအဆင့်ဆင့်တက်ပြီး အရာရှိဖြစ်လာတယ်။

ဗိုလ်ဗထူးပေါ့။ စစ်မြေပြင်တိုက်ရည်ခိုက်ရည် ထူးထူးချွန်ချွန်ကောင်းတယ်။ တပ်မတော်ခေါင်းဆောင်တွေက သူ့ကို တပ်ရင်းမှူး၊ ဗိုလ်မှူးရာထူးပေးလိုက်တယ်။ ရဲဘော်သုံးကျိပ်ဝင်တွေတောင် တပ်ရင်းမှူးမရတာ ရှိကြပါတယ်။ ဖက်ဆစ်တော်လှန်ရေးမှာတော့ ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်မှူးကြီးဗထူးကို မြောက်ပိုင်းတိုင်း တိုင်းမှူးအဖြစ် ကွပ်ကဲတိုက်ခိုက်စေခဲ့ပါတယ်။

တိုက်ပွဲကာလ လေးငါးခြောက်နှစ်အတွင်းမှာ ရဲဘော်တပ်သား ရိုးရိုးအဖြစ်ဝင်လာတဲ့ မောင်ဗထူးကို ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော် ခေါင်းဆောင်များက ဗိုလ်မှူးကြီး၊ တိုင်းမှူးတာဝန် ဘာကြောင့် ယုံယုံကြည်ကြည် ပေးအပ်တာလဲ။

ဗိုလ်မှူးကြီးဗထူးက ဟိန္ဒူးမိုင်းအလုပ်သမား ဘဝကတည်းက စာကြည့်တိုက်မှာရှိသမျှ စာအုပ်အားလုံးလိုလိုဖတ်ထားတဲ့ စာဖတ်သမားဆိုတော့ သာမန်စာမဖတ်တဲ့လူတွေထက် အတွေးအခေါ် အမြော်အမြင် သိသိသာသာကြီး မြင့်မားနေတာ၊ သတ္တိ၊ သစ္စာ၊ ဉာဏ်ရည် ပြည့်ဝနေတာတွေလည်း ပါမှာပေါ့။

စာဖတ်ခြင်းရဲ့ ကောင်းကျိုးနမူနာလေးပါ။ ဗိုလ်မှူးကြီးဗထူးလို လူကောင်းလူတော်တွေ ဦးစီးကွပ်ကဲတော့ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲကြီးဟာလည်း ပြည်သူတွေရဲ့ အားပေးကူညီမှုတွေနဲ့ အင်္ဂလိပ်တွေ တအံ့တသြ ဖြစ်ရလောက်အောင်အထိ အကြီးအကျယ် အောင်မြင်ခဲ့တာပေါ့။ ရာဇဝင်စာတင်ရတာပဲပေါ့။

အယ်ဒီတာ

ဆိုဗီယက်ရုရှားမှာ ခေတ်ပြောင်းတော်လှန်ရေးကြီးကို ဦးဆောင်အောင်မြင်စေခဲ့တဲ့ ကွန်မြူနစ်ပါတီခေါင်းဆောင် ဗလာဒီမာ အီလျာရစ်ချ်လီနင်ဆိုတာ စာဖတ်သူများ သိထားပြီးသား ဖြစ်ကြပါလိမ့်မယ်။ ဗွီအိုင်လီနင်ဟာ သတင်းစာဆရာ၊ ဂျာနယ်အယ်ဒီတာ၊ စာအလွန်ဖတ်တဲ့ ပုဂ္ဂိုလ်ပါ။ ဆောင်းပါးတွေလည်း ရေးခဲ့ပါတယ်။ စာအများကြီးဖတ်တဲ့ သူက အမြင်ကျယ်ပါတယ်။

ရွှေ့နေ

အမေရိကန်သမ္မတ ၄၅ ဦးလောက်ရှိတဲ့ထဲမှာ ယနေ့အထိ အမေရိကန်ပြည်ထောင်စုက ပြည်သူလူထုဟာ အေဘရာဟမ်လင်ကွန်း(ခ) လင်းကင်းကို အလေးစား အချစ်ခင်ကြဆုံးပါပဲ။ သူ့ကို ဘယ်သူမှ မယှဉ်နိုင်ဘူး။ ဘာဖြစ်လို့ သူ့ကို အမေရိကန်လူထုက လေးစားချစ်ခင်နေကြတာလဲ။ သူက အမေရိကန်ပြည်တွင်းစစ်မှာ အမေရိကန်ပြည်ထောင်စု တောင်ပိုင်းနဲ့ မြောက်ပိုင်း ပြိုကွဲသွားတော့မယ့် အန္တရာယ်ကို ကာကွယ်ပြီး စည်းလုံးအောင် ဆောင်ရွက်ခဲ့သူမို့ပဲ။ အမြော်အမြင် ကြီးမားတာကိုး။ တကယ်တော့ သမ္မတကြီးလင်ကွန်းဟာ ကျောင်းတောင် ကောင်းကောင်း နေခဲ့ရရှာတာမဟုတ်ပါဘူး။ သူ့ရဲ့ ကျောင်းတက်ရက်ဟာ တစ်နှစ်ခွဲတောင် မပြည့်ဘူးလို့ ရေးကြပါတယ်။ ကျောင်းပညာ မူလတန်းလောက်ပဲ သင်ခဲ့ရရှာတာပါ။ ဒါပေမယ့် သူက စာသိပ်ဖတ်တယ်။ စာကောင်းပေကောင်းတွေကို မရမနေ ကြိုးစားပြီး သေသေချာချာ ဖတ်တယ်၊ မှတ်တယ်။

လင်ကွန်းဘဝတစ်လျှောက် ဘယ်တက္ကသိုလ်မှ မတက်ဖူးပါဘူး။ ဘာဘွဲ့မှလည်း မရခဲ့ပါဘူး။ စာအုပ်တွေဖတ်၊ ဥပဒေစာအုပ်တွေ အလွတ်လေ့လာပြီး ရှေ့နေစာမေးပွဲဝင်ဖြေတော့ အောင်တယ်။ ရှေ့နေလုပ်တယ်။ နာမည်ကျော်တဲ့ရှေ့နေတော့မဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ် လင်ကွန်းက နေ့စဉ်စာဖတ်တယ်။ ဒီတော့ သူသမ္မတကြီးဖြစ်လာလို့ မိန့်ခွန်းပြောရတဲ့အခါ သူ့မိန့်ခွန်းတွေက အဆီအသားပါနေတာပေါ့။ စာဆိုတော် ရှိတ်စပီးယားရဲ့ စကားလုံးတွေ၊ စာပေပညာရှင်ကြီးတွေရဲ့ အတွေးအခေါ်၊ အဆိုအမိန့်တွေနဲ့ ခမ်းနားလှပပြီး လေးစားချစ်ခင်စရာ ဖြစ်နေတော့တာပေါ့။

စာဖတ်တဲ့ သမ္မတမို့ စာပေက ကျေးဇူးပြုတာဆိုရမယ်။ ပြည်သူလူထုအချစ်ဆုံးသမ္မတအဖြစ် ရာသက်ပန်ခိုင်မြဲနေတော့တာပဲ။ လူသာသေပေမယ့် နာမည်က မသေတော့တဲ့ အေဘရာဟမ်လင်ကွန်းပေါ့။

ကျောင်းဆရာ

စာဖတ်တဲ့အတွက် ကျောင်းဆရာဘဝမှ ကြီးမားတဲ့ လူထုတော်လှန်ရေးကြီးကို အောင်မြင်အောင် ဦးစီးခဲ့တဲ့ မော်စီတုံး။ ဗီယက်နမ်နိုင်ငံကို ပြင်သစ်ကိုလိုနီလက်အောက်မှလည်းကောင်း၊ အမေရိကန်နယ်ချဲ့၏ ကျူးကျော်မှုမှလည်းကောင်း၊ ရဲရဲရင့်ရင့် အောင်အောင်မြင်မြင် တွန်းလှန်တိုက်ထုတ်ရာမှာ ဦးဆောင်ခဲ့တဲ့ စာအလွန်ဖတ်သော ဟိုချီမင်း။

တရုတ်ခေါင်းဆောင်ကြီး မော်စီတုံးနဲ့ ဗီယက်နမ်ခေါင်းဆောင်ကြီး ဟိုချီမင်းတို့ဟာ စာလည်းသိပ်ဖတ်တာပဲ။ ကဗျာတွေ စာတွေလည်း ရေးတာပဲ။

ရှေ့နေနဲ့ ဆရာဝန်

စာဖတ်တာများခဲ့လို့ ရှေ့နေ ဖီဒယ်လ်ကက်စထရိုနဲ့ ဆရာဝန် ချေဂွေဗာရားတို့ဟာ ကျူးဘားလွတ်လပ်ရေးတိုက်ပွဲကို ပြည်သူလူထုရဲ့ တစ်ခဲနက် ထောက်ခံမှုနဲ့ အောင်မြင်စေခဲ့တယ်။ တော်လှန်ရေးသူရဲကောင်းတွေ။

သူတို့အားလုံး စာဖတ်ကြလို့၊ စာဖတ်များခဲ့လို့ အမြော်အမြင်ရှိပြီး အခက်အခဲအမျိုးမျိုး၊ တိုက်ပွဲအမျိုးမျိုး၊ အတားအဆီး အကျပ်အတည်း အမျိုးမျိုးကို ဖြတ်ကျော်အောင်မြင်ခဲ့ကြတာ ဖြစ်ပါတယ်။

ထောင်ထွက်မှ အလှူရှင်

ပခုက္ကူမြို့နယ် ထနောင်းကုန်းကျေးရွာအုပ်စု ရှားတောရွာမှာ မွေးဖွားခဲ့တဲ့ ငယ်နာမည် တာခွေးခေါ် မောင်အုံးဖေဟာ ငယ်စဉ်ကပင် ဆင်းရဲနွမ်းပါးပါတယ်။ မြင်းထိန်း၊ ကွမ်းယာရောင်း၊ ဖောင်သမား၊ အလုပ်မျိုးစုံ လုပ်ခဲ့ဖူးပြီး ဓားပြအဖြစ် ထောင်သုံးကြိမ်ကျခဲ့ဖူးသူပါ။ ထောင်ထဲမှာ စာကြည့်တိုက်က စာအုပ်တွေဖတ်ရင်းဖတ်ရင်း စာဖတ်ဝါသနာပါလာတယ်။ စာအုပ်တွေဖတ်ရင်း လူဆိုး သူခိုးဘဝ စွန့်ပစ်မှပဲလို့ နားလည်ပြီး ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်ပါတယ်။ စာဖတ်လာတာကြာတော့ ပွဲစား၊ ကုန်သည်၊ ဗာဂျီနီးယားဆေးပေါင်းရုံပိုင်ရှင်၊ သူဌေးသူကြွယ်ဖြစ်အောင် ဘဝကို မြှင့်တင်တည်ဆောက်နိုင်ခဲ့ပါတယ်။ ဘဝမှတ်တမ်းတွေ ရေးသားပြီး ပခုက္ကူဦးအုံးဖေဆိုတဲ့ စာရေးဆရာတောင်ဖြစ်လာပါတယ်။ စာပေဆုရန်ပုံငွေ ၇၆ သိန်းကျော်နဲ့ ပညာထူးချွန်ဆု ရန်ပုံငွေ ၅၄ သိန်း သူက မတည်လှူဒါန်းပေးခဲ့ပါသေးတယ်။ လူမှုရေးအလှူရှင်။

အထွေထွေအတွင်းရေးမှူးချုပ်

လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ ပန်းတနော် အမျိုးသားကျောင်းက ကျောင်းဆရာဦးသန့်ဆိုတာ စာအလွန်ဖတ်တဲ့ ပုဂ္ဂိုလ်ပေါ့။ စာတွေ ပေတွေလည်းရေးတယ်။ သူဟာ အသက် (၅၀) လောက်မှာ ကုလသမဂ္ဂရဲ့ အထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် ကမ္ဘာ့နိုင်ငံအားလုံးက တညီတညွတ်တည်း ကန့်ကွက်မဲမရှိ ထောက်ခံရွေးချယ်ပြီး တာဝန်ပေးခြင်းခံခဲ့ရပါတယ်။ သက်တမ်း နှစ်ကြိမ်၊ ၁၀နှစ် တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။

ကမ္ဘာကျော်တဲ့ ငြိမ်းချမ်းရေးအကျိုးဆောင်သူအဖြစ် မြန်မာလူမျိုး ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ဟာ နိုင်ငံတကာမှာ ထင်ရှားပါတယ်။ ပထမဦးဆုံး အာရှက ကုလသမဂ္ဂခေါင်းဆောင်မို့ အာရှနိုင်ငံများကလည်း ဂုဏ်ယူခဲ့ကြပါတယ်။ သူက စာသိပ်ဖတ်လို့ ကမ္ဘာ့ခေါင်းဆောင်နေရာ ရောက်သွားခဲ့တာပါပဲ။

ဝန်ဇင်းမင်းရာဇာ

ကျေးလက်တောရွာက မိတ္ထီလာနယ်သား ယာသမားလေးတစ်ဦးဟာ စာပေအရာ လေ့လာဆည်းပူးထားတော့ အင်းဝဘုရင် မင်းကြီးစွာစော်ကဲမေးတာကို မှန်ကန်စွာဖြေကြားနိုင်ခဲ့လို့ ရာထူးချီးမြှင့်မြှောက်စားခံရတယ်။ မင်းလေးဆက်တိုင်အောင် နန်းတော်တွင် အမတ်ကြီးဘိုးရာဇာအဖြစ် ရာဇဝင်ထင်ရှားခဲ့သူဟာ စာဖတ်တဲ့ အကျိုးပေါ့။

အလားတူစွာ စာဖတ်တဲ့အတွက် ကောင်းကျိုးရခဲ့သူများအကြောင်းကတော့ တစ်ကျမ်းတစ်ဖွဲ့ ပြောလို့ပင်မကုန်နိုင်အောင် သာဓကတွေ များလှပါတယ်။ နိဂုံးချုပ်ကြပါစို့။

နိဂုံး

စာဖတ်တဲ့အကျင့်ကို နေ့စဉ်ပြုလုပ်သွားပါ။ အားကစားပဲဖတ်ဖတ်၊ ဂျာနယ်ပဲဖတ်ဖတ်၊ ဝတ္ထုပဲ ဖတ်ဖတ် မိမိကြိုက်နှစ်သက်ရာ စာအုပ်တွေကို တန်းစီပြီး နေ့စဉ်ဖတ်သွားပါ။

စာဖတ်သက်ရင့်လာတာနဲ့အမျှ စာကောင်းပေကောင်းတွေပါ ဖတ်ဖြစ်လာပါလိမ့်မယ်။ စာဖတ်သူမှန်သမျှက ကြီးပွားတိုးတက်ကြမှာပဲ။ ဘဝကို တန်ဖိုးရှိအောင်၊ ဘဝကို တန်ဖိုးမြှင့်တင်ဖို့ ကျွန်တော်တို့အားလုံး စာဖတ်ကြမှ ဖြစ်ပါမယ်။ နေ့စဉ်စာဖတ်ကြမှ ဖြစ်ပါမယ်။ ရွှင်လန်းချမ်းမြေ့ကြပါစေ. . . . ။

ဂွါတီမာလာတွင်လုပ်ဆောင်ခဲ့သော ဆစ်ဖလစ်သုတေသနနှင့်ပတ်သက်၍ အမေရိကန်တောင်းပန်

နယူးယောက် အောက်တိုဘာ ၂ - ဂွါတီမာလာနိုင်ငံရှိ စိတ်ရောဂါကုဆေးရုံတစ်ရုံ၌ လွန်ခဲ့သည့်နှစ်ပေါင်း ၆၀ ခန့်က အမေရိကန်သိပ္ပံပညာရှင်များသည် သုတေသနပြုလုပ်ရန် ရည်ရွယ်၍ အကျဉ်းသားများနှင့် လူနာများအား ဆစ်ဖလစ်ရောဂါကို ကူးစက်ခံစားစေခဲ့ရာ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန်တာဝန်ရှိသူများက အောက်တိုဘာ ၁ ရက်တွင် ပြန်လည်တောင်းပန်ခဲ့ကြောင်း သိရသည်။

ယင်းသုတေသနစမ်းသပ်မှုကို အမေရိကန်အာဏာပိုင်များက ရှုတ်ချအပ်သော သုတေသနလုပ်ငန်းအဖြစ်ကြေညာခဲ့ပြီး ကျန်းမာရေးဆိုင်ရာ အမျိုးသားသိပ္ပံများ (အင်န်အိုင်အိတ်ချ်)၏ ညွှန်ကြားရေးမှူး ဒေါက်တာဖရန်စစ်ကောလင်းကလည်း အဆိုပါ အဖြစ်အပျက်မျိုး မည်သည့်အခါတွင်မျှ ထပ်မံမပေါ်ပေါက်စေရန် နှစ်ဆတိုး အားထုတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အင်န်အိုင်အိတ်ချ်၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် အမေရိကန်သိပ္ပံပညာရှင်များက ဆစ်ဖလစ်ရောဂါ သုတေသနလုပ်ငန်းကို ၁၉၄၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်အတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းသုတေသနလုပ်ငန်းမှာ အကျိုးရှိသော ရလဒ်တစ်စုံတစ်ရာမရရှိခဲ့ဘဲ အဆုံးသတ်ခဲ့ပြီးနောက် နှစ်ပေါင်းများစွာ လျှို့ဝှက်ထားခဲ့ရာ ဆေးဘက်ဆိုင်ရာ သမိုင်းပညာရှင်တစ်ဦးက ပြန်လည်ဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဆေးသုတေသနလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ထိုစဉ်ကာလက ပဋိဇီဝဆေးဝါးသစ်ဟု ဆိုနိုင်သည့် ပင်နီဆလင်သည် လိင်ပိုင်းဆိုင်ရာ ကူးစက်ရောဂါများကို ကာကွယ်နိုင်ခြင်းရှိ၊ မရှိ စမ်းသပ်လိုရင်းဖြစ်သည်။ သို့ရာတွင် စိတ်ပိုင်းဆိုင်ရာ ဝေဒနာခံစားနေရသော လူနာများနှင့် အကျဉ်းသားရာပေါင်းများစွာသည် ယင်းသုတေသနလုပ်ငန်း၌ ၎င်းတို့၏ အလိုဆန္ဒမပါဘဲ ဆစ်ဖလစ်ရောဂါကို ရယူခဲ့ကြရသည်။

အမေရိကန် သမ္မတဘာရက်အိုဘားမားက ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ဂွါတီမာလာသမ္မတ အယ်ဗာရိုကိုလွန်းထံ သောကြာနေ့ နှောင်းပိုင်းက ဖုန်းဖြင့်ဆက်သွယ် တောင်းပန်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အေပီ။

ဗြိတိန်နိုင်ငံသား လူငယ် ၂၀ ပါကစ္စတန်၌ အကြမ်းဖက်မှုလေ့ကျင့်နေ

လန်ဒန် အောက်တိုဘာ ၂

ဗြိတိန်နိုင်ငံသား ၂၀ သည် ၎င်းတို့၏နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်နိုင်ရန် ပါကစ္စတန်နိုင်ငံတွင် အကြမ်းဖက်မှု လေ့ကျင့်ရေးသင်တန်းများကို တက်ရောက်လျက်ရှိကြကြောင်း ထောက်လှမ်းရေး သတင်းရပ်ကွက်က ယနေ့ ပြောကြားသည်။

အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသော စစ်သွေးကြွအုပ်စုများသည် ဗြိတိသျှနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သည့် လူငယ်များကို ပါကစ္စတန်နိုင်ငံရှိ လူမျိုးစုတိုင်းရင်းသားများ နေထိုင်ရာဒေသတွင် အကြမ်းဖက်မှု လေ့ကျင့်သင်တန်း ပေးနေကြောင်း ထောက်လှမ်းရေး တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် ဒေးလီးတယ်လီဂရပ်ဖ် သတင်းစာက ရေးသားဖော်ပြသည်။

သင်ကြားပေးနေ

အကြမ်းဖက်မှုလေ့ကျင့်ရေးသင်တန်းတွင် သေနတ်ပစ်ခတ်နည်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ အသုံးပြုနည်းတို့ကို သင်ကြားပေးနေကြောင်း၊ လူငယ်များသည် ဗြိတိန်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကို ပြုလုပ်လာကြဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အကြမ်းဖက်လေ့ကျင့်ရေးသင်တန်းများ၌ ဗြိတိန်နိုင်ငံသား လူငယ် ၁၅ ဦးမှ ၂၀ အထိရှိမည်ဟု မိမိတို့ ခန့်မှန်းကြောင်း ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်ရှိ အမည်မဖော်သူ ထောက်လှမ်းရေးအရာရှိတစ်ဦးက ပြောကြားသည်။

သတင်းပေါ်ထွက်

ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများကို တစ်ပြိုင်နက်တည်းပြုလုပ်ရန် အယ်လ်ခိုင်ဒါအဖွဲ့က ကြံစည်မှုကို အနောက်နိုင်ငံများမှ ထောက်လှမ်းရေးအဖွဲ့များက ဖြိုခွင်းလိုက်နိုင်သည်ဟု သတင်းတစ်ရပ်ပေါ်ထွက်ခဲ့ပြီးနောက် ဗြိတိန်လူငယ်များ အကြမ်းဖက်မှု လေ့ကျင့်နေသည်ဆိုသော သတင်းပေါ်ထွက်လာခဲ့သည်။

အေအက်ဖ်ပီ။

စင်ကာပူဝန်ကြီးချုပ်၏ မိခင်ကြီး ကွယ်လွန်

စင်ကာပူ အောက်တိုဘာ ၂

စင်ကာပူနိုင်ငံ၏ ဝါရင့်အတိုင်ပင်ခံဝန်ကြီး လီကွမ်းယူ၏ ဇနီးဖြစ်ပြီး လက်ရှိစင်ကာပူ ဝန်ကြီးချုပ်လီရှန်လွန်း၏ မိခင်လည်းဖြစ်သော မစ္စလီကွမ်းယူသည် ယနေ့ ကွယ်လွန်အနိစ္စရောက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကွယ်လွန်ချိန်တွင် မစ္စလီကွမ်းယူသည် အသက် (၈၉) နှစ်ရှိပြီး ၎င်း၏ နေအိမ်တွင်ပင် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မိခင်ကွယ်လွန်သည့်သတင်းကြောင့် အာရှ-ဥရောပအစည်းအဝေးတက်ရောက်ရန် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့သို့ ရောက်ရှိနေသော စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းသည် စင်ကာပူသို့ နောက်ကြောင်းပြန်လှည့်ခဲ့ရသည်။

အောက်တိုဘာ ၆ ရက်တွင် မန်ဒိုင်းသုသာန်၌ မစ္စလီကွမ်းယူ၏ နောက်ဆုံးဈာပန အခမ်းအနားကို ပြုလုပ်မည်ဖြစ်သည်။ ကာယကံရှင်မိသားစုက ဈာပနအခမ်းအနားသို့ ပန်း၊ ပန်းခွေစသော အဆောင်အယောင်များ ပေးပို့ခြင်းမပြုရန် မေတ္တာရပ်ခံထားကြောင်း သတင်းတွင်ဖော်ပြသည်။

မစ္စလီကွမ်းယူသည် ပညာတတ်အမျိုးသမီးကြီး တစ်ဦးဖြစ်ပြီး ၎င်းကဲ့သို့ စီးပွားလည်းရှာ၊ ရင်သွေးများကိုလည်း ရင်အုပ်မကွာ အုပ်ထိန်းနိုင်သော ဇနီးကောင်းတစ်ဦးကို ပိုင်ဆိုင်ခွင့်ရခဲ့ခြင်းသည် ဆုလာဘ်တစ်ပါးပင်ဖြစ်ကြောင်း စင်ကာပူဝါရင့်အတိုင်ပင်ခံ ဝန်ကြီးလီကွမ်းယူက မှတ်ချက်ချဖူးသည်။

ချန်နယ်နယူးစ်အေးရှား။

အင်ဒိုနီးရှား၌ ရထားနှစ်စင်း တိုက်မိ၍ ၃၆ ဦးထက်မနည်း သေဆုံး

ဂျကာတာ အောက်တိုဘာ ၂ - အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဂျာဗားပြည်နယ်တွင် အောက်တိုဘာ ၂ ရက် အစောပိုင်းက ရထားနှစ်စင်း တိုက်မိမှုကြောင့် ၃၆ ဦးထက်မနည်းသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဂျာဗားပြည်နယ်မြောက်ဘက် ပင်လယ်ကမ်းရိုးတန်းဒေသရှိ ပီတာရူတန်မြို့တွင် နံနက် ၃ နာရီခန့်က ရထားတိုက်မိမှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပီတာရူတန် ဘူတာရုံ၌ ရပ်တန့်ထားသော ရထားတစ်စင်း၏ နောက်ဘက်အမြီးပိုင်းကို မြို့တော်ဂျကာတာမှ အရှေ့ ဂျာဗားပြည်နယ်မြို့တော် ဆူရာဘာယာမြို့သို့ ခုတ်မောင်းလာသောခရီးသည်တင် ရထားတစ်စင်းက ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ရထားဌာနပြောရေးဆိုခွင့်ရှိသူ ဆူဂျင်းပရီယိုနိုက ပြောကြားသည်။

ခုတ်မောင်းလာသော ရထားစက်ခေါင်းမောင်း၏ စည်းမျဉ်းချိုးဖောက်မှုကြောင့် ရထားတိုက်မှု ပေါ်ပေါက်ရသည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရထားတိုက်မိသည့် ဖြစ်ရပ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

မောင်းသူမဲ့ လေယာဉ်တိုက်ခိုက်မှုများကြောင့် ပါကစ္စတန်နှင့် အမေရိကန် ဆက်ဆံရေး ပိုတင်းမာနိုင်

အစ္စလာမ္မာဘတ် အောက်တိုဘာ ၂

အမေရိကန်မောင်းသူမဲ့ လေယာဉ်များက ပစ်ခတ်ခဲ့သည်ဟု ယူဆရသော ဒုံးကျည်နှစ်စင်းကြောင့် ပါကစ္စတန်အနောက်မြောက်ပိုင်းလူမျိုးစုဒေသတွင် စစ်သွေးကြွဟုဆိုသူ ၁၆ ဦး စနေနေ့တွင် သေဆုံးခဲ့ကြောင်း ပါကစ္စတန်ထောက်လှမ်းရေး တာဝန်ရှိသူများက ပြောကြားသည်။

ယင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းသည် နေတိုးတပ်ဖွဲ့၏ နယ်စပ်ဖြတ်၍ ကျူးကျော်တိုက်ခိုက်မှုကြောင့် အမေရိကန်နှင့် ပါကစ္စတန်နိုင်ငံတို့အကြား ဆက်ဆံရေးတင်းမာနေသော်လည်း အမေရိကန်နိုင်ငံအနေဖြင့် ပါကစ္စတန်နယ်စပ်ဒေသတွင် မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများကို ရပ်နားမည့် လက္ခဏာမရှိကြောင်း ပြသနေခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံက ပါကစ္စတန်လူမျိုးစုဒေသများတွင် မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများကို ဆက်တိုက်လုပ်ဆောင်နေခြင်းသည် ယင်းနှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုမိုတင်းမာလာစေဖွယ်ရှိသည်။

စစ်တမ်းကောက်ယူချက်များအရ ပါကစ္စတန်ပြည်သူများအတွင်း အမေရိကန်မောင်းသူမဲ့ လေယာဉ်တိုက်ခိုက်မှုများကို ဆန့်ကျင်သူဦးရေ ပိုမိုများပြားလာပြီး အများစုက ယင်းတိုက်ခိုက်မှုများကြောင့် အရပ်သားများသာ သေဆုံးကြရကြောင်း ယူဆကြသည်။

အေပီ။

အဘူဂျာ ကားဗုံးခွဲတိုက်ခိုက်မှုများ၏ တရားခံများကိုဖမ်းဆီးရန် နိုင်ဂျီးရီးယားကြိုးပမ်းနေ

အဘူဂျာ အောက်တိုဘာ ၂ - နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့တွင် အောက်တိုဘာ ၁ ရက်က ကားဗုံးဖောက်ခွဲမှုနှစ်ရပ် ဖြစ်ပွားခဲ့ရာ ယင်းတိုက်ခိုက်မှုနှစ်ရပ်တွင် တာဝန်ရှိသော စစ်သွေးကြွများကို နိုင်ဂျီးရီးယားအာဏာပိုင်များက ခြေရာခံရှာဖွေလျက်ရှိကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နိုင်ဂျီးရီးယားနိုင်ငံ၏ လွတ်လပ်ရေးအခမ်းအနားသို့ တက်ရောက်လာသော နိုင်ဂျီးရီးယားအစိုးရတာဝန်ရှိသူများနှင့် ပြည်ပနိုင်ငံများမှ ကိုယ်စားလှယ်များ စုရုံးရောက်ရှိနေသော နေရာအနီးတွင် အဆိုပါ ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းဗုံးပေါက်ကွဲမှုများကြောင့် အနည်းဆုံး လူ ၁၂ ဦး သေဆုံးခဲ့ပြီး အဘူဂျာမြို့တော်တွင် ပထမဆုံး စတင်ပေါ်ပေါက်ခဲ့သည့် ကားဗုံးခွဲတိုက်ခိုက်မှုများဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းဗုံးဖောက်ခွဲမှုများကို နိုင်ဂျီးရီးယားစစ်သွေးကြွအုပ်စုတစ်ခုဖြစ်သော မန့်ဒ်(အမ်အီးအင်န်ဒီ)အုပ်စုက လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ယင်းစစ်သွေးကြွအုပ်စု၏ အဆိုအရ ဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းမပြုမီ တစ်နာရီကြို၍ သတိပေးချက်ထုတ်ပြန်ခဲ့သော်လည်း နိုင်ဂျီးရီးယားအာဏာပိုင်များက ယင်းသတိပေးချက်ကို လျစ်လျူရှုခဲ့ကြောင်း သိရသည်။

ကားဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့သော်လည်း အဘူဂျာမြို့၌ ကျင်းပသော နိုင်ဂျီးရီးယားနိုင်ငံ လွတ်လပ်ရေးရရှိသည့် နှစ်(၅၀) ပြည့် အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ အဘူဂျာရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက နိုင်ဂျီးရီးယားအာဏာပိုင်များသည် ယင်းကားဗုံးဖောက်ခွဲမှုများ၏ လက်သည်တရားခံများကို ဖမ်းဆီးရန် ကြိုးပမ်းနေကြောင်း ပြောကြားသည်။

အေအက်ဖ်ပီ။

နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့တွင် အောက်တိုဘာ ၁ ရက်က ဖြစ်ပွားခဲ့သော ကားဗုံးခွဲ တိုက်ခိုက်မှုများ၏ မြင်ကွင်း။

နှံ့သာရည် ပက်ဖျန်း

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော် အဆောက်အအုံသစ် ကမ္ဗည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိ အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက် စဉ်။

◆ ရွှေဖုံးမှ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်တို့က မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဆောက်အအုံသစ် ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများက အဆောက်အအုံသစ် ကမ္ဗည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

မှတ်တမ်းတင်

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ဘဏ်အဆောက်အအုံသစ်နှင့် ဘဏ်လုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော် အဆောက်အအုံသစ်ကို မြေအကျယ်အဝန်း ၁၉ ဧကပေါ်တွင် ဆောက်လုပ်ထားပြီး အဆောက်အအုံမှာ အလျားပေ ၃၉၀၊ အနံပေ ၃၅၀ နှင့် အမြင့် ၄၈ ပေရှိ RC နှစ်ထပ်အဆောက်အအုံဖြစ်သည်။ (သတင်းစဉ်)

ဖွင့်ပွဲအခမ်းအနား ကျင်းပ

မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော် အဆောက်အအုံသစ်

မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော် အဆောက်အအုံသစ်ကို တွေ့ရစဉ်။
(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင် နိုင်ငံတော် ဗဟိုဘဏ် နေပြည်တော် အ

မြန်မာနိုင်ငံတော် အဆောက်အအုံသ ကေပေါ်တွင် ဆော အအုံမှာ အလျားပေ အမြင့် ၄၈ ပေရှိ အအုံဖြစ်။

(၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသား(လူငယ်) ဘော်လီဘောပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုရရှိခဲ့သော မြန်မာလူငယ်အသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂

၂၀၁၀ ခုနှစ် စက်တင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ထိုင်းနိုင်ငံ Ratchaburi မြို့တွင် ကျင်းပခဲ့သော(၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသား(လူငယ်) ဘော်လီဘောပြိုင်ပွဲ၌ တတိယ ကြေးတံဆိပ်ဆုရရှိခဲ့သော မြန်မာ့လက်ရွေးစင် လူငယ် ဘော်လီဘောအသင်းသည် စက်တင်ဘာ ၃၀ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် အိမ်ရှင် ထိုင်း၊ မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့မှ လူငယ်ဘော်လီဘောအသင်းများက ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာ့လက်ရွေးစင် လူငယ်ဘော်လီဘောအသင်းက ထိုင်းအသင်းကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊အင်ဒိုနီးရှားအသင်းကို သုံးပွဲ-တစ်ပွဲ ဖြင့်လည်းကောင်း ရှုံးနိမ့်ခဲ့ကာ ဗီယက်နမ်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း၊ မလေးရှားအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ပြီး မြန်မာ့လက်ရွေးစင် လူငယ်ဘော်လီဘောအသင်းသည် လေးပွဲကစားရာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် တတိယကြေးတံဆိပ်ဆုရရှိသည်။ ပြိုင်ပွဲအပြီးတွင် အိမ်ရှင်ထိုင်းအသင်းက ပထမ၊ အင်ဒိုနီးရှားအသင်းက ဒုတိယ၊ မြန်မာအသင်းက တတိယ၊ မလေးရှားအသင်းက စတုတ္ထနှင့် ဗီယက်နမ်အသင်းက ပဉ္စမ အသီးသီး ရပ်တည်နိုင်ခဲ့ကြသည်။

လက်ရည်စမ်း

ပြိုင်ပွဲမစတင်မီ မြန်မာ့လက်ရွေးစင် လူငယ်ဘော်လီဘောအသင်းနှင့် ဩစတြေးလျ လူငယ်အသင်းတို့ လက်ရည်စမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ ဩစတြေးလျအသင်းက သုံးပွဲ-ပွဲ မရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသား (လူငယ်) ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာ့လက်ရွေးစင်(လူငယ်) ဘော်လီဘောအသင်း တတိယကြေးတံဆိပ်ဆုလက်ခံပြီး တွေ့ရစဉ်။
(ဘော်လီဘောအဖွဲ့ချုပ်)

မြန်မာနိုင်ငံ စ ဗဟိုအမှုဆောင်ကော်မတ

ရန်ကုန် အောက်တိုဘာ ၂

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအ ကော်မတီ(၉/၂၀၁၀) အစည်းအဝေးကို စက်တ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန် ဒု အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က အဖွင့်အ ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဦးကိုကို (ကို တက္ကသိုလ်)က ယခင်(၈/၂၀၁၀)အစည်းအဝေးမှ ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအ တင်ပြပြီး လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ခေါ် များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆေ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဝန်ကြီး ဦးလှထွန်းနှင့် ဝန်ကြီး ဦးသိန်းညွန့်တို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော် အဆောက်အအုံသစ်ကို မြေအကျယ်အဝန်း ၁၉ ဧကပေါ်တွင် ဆောက်လုပ်ထားပြီး အဆောက်အအုံမှာ အလျားပေ ၃၉၀၊ အနံပေ ၃၅၀ နှင့် အမြင့် ၄၈ ပေရှိ RC နှစ်ထပ်အဆောက်အအုံဖြစ်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ(၉/၂၀၁၀)အစည်းအဝေး ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ(၉/၂၀၁၀) အစည်းအဝေးကို စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ခေတ္တဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ယခင်(၈/၂၀၁၀)အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို တင်ပြပြီး လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြကာ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးအတွက် ဟောပြောဆွေးနွေးပွဲများ ကျင်းပရေး၊ သုတဘဏ် စာတမ်းဖတ်ပွဲများ ဆက်လက်ကျင်းပရေး၊ စာရေးနည်းလမ်းညွှန် သင်တန်းဖွင့်လှစ်ရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် စည်းရုံးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးဆုံးဖြတ်ကြသည်။

ယင်းနောက် သဘာပတိ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က နိဂုံးချုပ်အမှာစကားပြောကြားပြီး ညနေ ၃ နာရီခွဲတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၁၀-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ကုသိုလ်ဖြစ်ခြင်းအကြောင်းရင်း" တရားတော် [ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)]
၆း၃၅ အံ့ဖွယ်ထူးခြားမာရ်အောင်မြင် ပြည်တော်ပြန်ဘုရား(ဇလွန်မြို့)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃၂)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၂၆)**
၈း၅၀ A Night of Pop (Part-1)
၉း၃၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၀း၀၅ Activities In The City -မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ အတွက်ဂုဏ်ပြုပွဲအခမ်းအနား -Myanmar NGO, Network 2nd Anniversary
၁၀း၃၅ ဗီဒီယိုပြခန်း
၁၀း၅၀ ဈေးဝယ်လမ်းညွှန် (KOSE)
၁၁း၁၀ ချင်းတွင်းမှသည် ပန်းတိုင်ဆီသို့
၁၁း၂၅ အောင်မြေဗဟိုရ်ပြည်ရွှေဘိုမှ မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ
၁၁း၅၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ခင်မောင်လွင်)
၁၂း၁၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၂း၄၀ ဖန်ခါးမြေမှရတနာ
၁း၀၀ "ကုသိုလ်ဖြစ်ခြင်းအကြောင်းရင်း" တရားတော် [ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)]
၁း၄၅ ရင်သပ်ရှုမောဖွယ်ရာ. . . အံ့သြသင့်ဖွယ်ရာ. . . စိတ်၏ငြိမ်းချမ်းမှုများပေါင်းဆုံရာ
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း (ဗန်းစကားပြော တာကောင်းတယ်၊ ဗန်းစကားမပြော တာကောင်းတယ်)
၃း၂၀ Activities In The City -မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ အတွက်ဂုဏ်ပြုပွဲအခမ်းအနား
၃း၃၀ ချင်းတွင်းမှသည် ပန်းတိုင်ဆီသို့
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၂၆)**
၄း၄၅ ပန်းချီပြခန်း (IT ပန်းချီပြပွဲ)
၅း၀၀ FMF Selection
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃၃)**
၇း၂၅ A Night of Pop (Part-2)
၈း၀၀ MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
၈း၃၀ သွားမယ်စားမယ် (SEINN LANN SOPYAY GARDEN)
၈း၅၅ Talent Show (လီယိုနာဒ်မောင်မောင်လွင်)
၉း၂၅ Barclays Premier League (Chelsea Vs Arsenal)
၁၁း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (ဇာတ်သိမ်းပိုင်း)**
၁၂း၁၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ခင်မောင်လွင်)
၁၂း၃၅ ဟိုတယ်လမ်းညွှန် (မြမန္တလာဟိုတယ်)
၁၂း၅၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဆလိုင်းသွဲ့အောင်)
၁း၃၀ ပဲခူးတိုင်းဒေသကြီးအတွက်. . . ပထမခြေလှမ်း ပြည်(ရွှေတံခါး)-ပေါက်ခေါင်းရထားလမ်း
၁း၄၀ နုယဉ်ဆန်းထွင် သစ်သီးအလှဆင် (အရန်ဟင်းလျာအလှဆင်နည်း)
၂း၀၅ ဟူးကောင်းကျားများတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၂း၂၀ ဘဝများ (ခင်စန်းဝင်း-မိတ်ကပ်)
၂း၄၀ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ(ပျားလိမွှော်)
၂း၅၅ ဘယ်သွားသွားသိနေတဲ့ Real Time GPS Tracking System
၃း၀၅ ပုံဖော်ထွင်းထုမြန်မာ့ပန်းပု
၃း၂၀ Box Office Movies (300)
၃း၅၅ စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
၄း၁၅ မြန်မာ့လက်မှု အနုလက်ရာစုံစွာ. . .
၄း၂၅ Activities In The City -Myanmar NGO, Network 2nd Anniversary
၄း၃၅ အောင်မြေဗဟိုရ်ပြည်ရွှေဘိုမှ မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Man City - Newcastle	ESPN (Live)
၈း၂၅	Liverpool - Blackpool	STAR SPORTS (Live)
၉း၂၅	Chelsea - Arsenal	ESPN (Live)

ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၂

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ် (၃၈)တွင် ပုဂံ ရှေးဟောင်းသာသနိကအဆောက်အအုံများ ၉၀ ရာခိုင်နှုန်းခန့် ပြုပြင်ထိန်းသိမ်းပြီးဖြစ်၊ ဇုန်ထုတ်ကားများကို နိုင်ငံခြားမှ တင်သွင်းလာသည့် ကားများနည်းတူ ရောက်ရှိနံပါတ်များထုတ်ပေးတော့မည်၊ နေပြည်တော်တွင် ငါးသိန်းဖုန်းချထားပေးမှု ခေတ္တရပ်ဆိုင်းထား၊ မြန်မာရမ္မာ၊ ဂျပန်မစ်ဆူဘီရှီနှင့် တရုတ်ဒေါင်ဖန်းတို့ ပူးပေါင်း၍ ကားထုတ်မည်၊ ခရီးသည်တင်ယာဉ် သမိုင်းခုံးတံတားပေါ်မှ ပြုတ်ကျ၊ မင်းလှ သဘော်ကြီး ပြန်လာပြီ၊ ၂၀၁၁ တွင် ဂြိုဟ်ခြောက်လုံးပူးမည်၊ ရွှေဈေးငြိမ်နေ၊ နှစ်ပေါင်း ၁၄၀ ကျော် ရှေးဟောင်းစေတီအတွင်း၌ လက်ဒန်ရေမွှေးပုလင်းနှစ်လုံးတွေ့ရှိ၊ ပြင်ဦးလွင်က ငွေတိုးပေးစားသည့် အဘိုးနှင့်အဘွား အသတ်ခံရ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ 'သစ်တောဖြင့် ကမ္ဘာကို ကယ်တင်ပါ' Environmental Article Party Talk၊ သူတို့ ဘယ်မှာအရွေးခံကြမလဲ Political View၊ ဗုဒ္ဓ၏အဆုံးအမတော်များ (၃)၊ မြင့်မြတ်သူတို့ နှလုံးသား၊ နည်းပညာ အရွေ့မှာ မြန်မာလုပ်သားတွေ အသင့်ဖြစ်နေပြီလား ကဲ့သို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

'အာဆီယံနဲ့မိတ်ဆွေဖွဲ့ချင်ရင်တော့ ပြဿနာတွေကို ဖန်တီးသူမဟုတ်ဘဲ ပြဿနာတွေကို ဖြေရှင်းပေးသူသာဖြစ်သင့်တယ်' စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းနှင့် ဝေါလ်စထရိဂျာနယ်တို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ တရုတ်အခက် အမေရိကန်အချက်၊ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် တရုတ်နှင့် ရုရှားသဘောတူ၊ အမေရိကန်တို့က အိုဘားမားအား ရုပ်မြင်သံကြားမှနေ၍ ပြစ်တင်မောင်းမဲ၊ Titanic မင်းသမီးကြီး ကွယ်လွန်ပြီ၊ မြောက်ကိုရီးယားနိုင်ငံက ထိပ်တန်းရာထူးနေရာများ ပြောင်းလဲခန့်အပ်၊ မလေးအမျိုးသမီးတစ်ဦး စင်ကာပူတွင် အသတ်ခံရ၊ ဆယ်ကျော်သက်ကောင်လေးနဲ့ ကောင်မလေးတို့ရဲ့ အချစ်ဇာတ်လမ်းမှာ ကောင်မလေးရဲ့ပထွေး ရဲအရာရှိက ကောင်လေးကို ဟန်ဆောင်ဖမ်းဆီး၊ ကမ္ဘာလှည့်ခရီးသွားတွေကို ရိုက်စားလုပ်တော့ ထောင်နန်းစံရပြီပေါ့၊ မျက်နှာလှလှလေးတွေရှိတဲ့နေရာ (သို့မဟုတ်) ဆိုးလ်ကို ရှာဖွေခြင်း၊ အာရှတွင် ဆင်းရဲနွမ်းပါးသူအရေအတွက် လျှော့ချနိုင်ခဲ့သော်လည်း ဆာလောင်ငတ်မွတ်နေသူများ ရှိနေဆဲ၊ အလုပ်မလုပ်ဘဲနေပါက ကျန်းမာရေးကို ပိုမိုဆိုးရွားစေနိုင် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

အောက်တိုဘာ ၂ ရက်က ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ အမျိုးသားနေ့ ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Julius Georg Luy က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❁ ကျောဖုံးမှ

သိပ္ပံပညာရှင်များသည် orca pod အမျိုးအစား ဝေလငါးတစ်မျိုးကို မှတ်တမ်းရုပ်ရှင်ရိုက်ကူးနိုင်ခဲ့သည်။ ယင်းဝေလငါးမျိုးကို မျိုးသုဉ်းနိုင်သော ငါးမျိုးအဖြစ် ၂၀၀၅ ခုနှစ်တွင် သတ်မှတ်ခဲ့သည်။ orca pod ဝေလငါးမျိုးသည် ဆယ်လ်မန်ငါးများကို ဖမ်းဆီးသတ်ဖြတ်စားသောက်ကာ ကျက်စားနေထိုင်လေ့ရှိသည်။

မှတ်တမ်းတင်

အမျိုးသား ပင်လယ်သမုဒ္ဒရာနှင့် ကမ္ဘာ့လေထုလွှာ လေ့လာရေးဌာနမှ သိပ္ပံပညာရှင်များသည် အဆင့်မြင့်နည်းပညာသုံး ကင်မရာများဖြင့် ဝေလငါးများကျက်စားပုံကို မှတ်တမ်းတင်ခဲ့ကြသည်။

ဝေလငါးများသည် တစ်နာရီလျှင် သုံးမိုင်ခန့်ကူးခတ်သွားလာလေ့ရှိကြောင်း ဇီဝဗေဒပညာရှင် ဘရက်ဒ်ဟန်ဆန်က ပြောကြားသည်။

သုတေသီများသည် ဝေလငါး ၂၄ ကောင်ခန့်ကို လေသဘော်ပေါ်မှ လေ့လာခဲ့ကြသည်။ အုပ်စုဖွဲ့ကာ ကူးခတ်သွားလာနေကြသော ဝေလငါးများကို မှတ်တမ်းတင်နိုင်ခဲ့ကြသည်။

အင်တာနက်။

အလိမ္မာ စာမှာရှိ

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ (၆၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၆၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၆၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ၂၀၁၀ ခုနှစ် ရဲကျင့်ဝတ် စာမေးပွဲတွင် ပထမအဆင့်ရရှိသူ တပ်ဖွဲ့ဝင်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အလံတင်အခမ်းအနား၊ နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုသောအားဖြင့် တစ်မိနစ် ငြိမ်သက်ခြင်းတို့ကို အစီအစဉ်အတိုင်း ကျင်းပကြပြီး ဝန်ကြီး ဦးမောင်ဦးက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များဖြစ်သည့် နိုင်ငံရေးတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး စသည့် တာဝန်များ ဆတက်ထမ်းပိုးတိုး၍ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် ပြည်သူလူထုကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရသည့် အဖွဲ့အစည်းဖြစ်သဖြင့် ကျင့်ဝတ်အပါး(၇၀)နှင့်အညီ ကျင့်ကြံလုပ်ကိုင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရယူနိုင်ရန်အတွက် တပ်ဖွဲ့ဝင်များကိုယ်တိုင် သစ္စာရှိမှု၊ ရိုးသားကြိုးစားမှု၊ သမာဓိရှိမှု၊ တည်ကြည်ဖြောင့်မတ်မှု၊ ပြည်သူကို မိဘမောင်ဖွားသဖွယ် စောင့်ရှောက်ရမည်ဆိုသည့်စိတ်ဓာတ်ကို အစဉ်မွေးမြူ၍ ဥပဒေနှင့်အညီ အလုပ်အကျွေးပြုသွားကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဦးမောင်ဦးသည် ၂၀၁၀ ခုနှစ် ရဲအရာခံ/အကြပ်ကြီး အဆင့် စံပြရဲရရှိသော တပ်ဖွဲ့ဝင်အား စံပြရဲဂုဏ်ပြုစလွယ်နှင့် အဆင့်တံဆိပ် တပ်ဆင်ပေးပြီး ထူးချွန်ရာထူးတိုးတပ်ဖွဲ့ဝင်များအား ရာထူးအဆင့်တံဆိပ်များ တပ်ဆင်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ၂၀၁၀ ခုနှစ် ရဲကျင့်ဝတ်စာမေးပွဲတွင် အဆင့်အလိုက် ပထမအဆင့်ရရှိသူ တပ်ဖွဲ့ဝင် ခြောက်ဦးနှင့် လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင် လေးဦးတို့အား တစ်ဆင့်မြင့်ရာထူး အဆင့်တံဆိပ်နှင့် ဆုများကိုလည်းကောင်း၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများက စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား တစ်ဆင့်တိုး ရာထူးအဆင့်တံဆိပ်နှင့် ဆုများကိုလည်းကောင်း၊ အမျိုးသမီးစွမ်းဆောင်ရှင်ဆု၊ ရုံးဝန်ထမ်းထူးချွန်ဆု၊ ရုံးတက်မှန် ဝန်ထမ်းဆုနှင့် အားကစားထူးချွန်ဆုများရရှိကြသည့် တပ်ဖွဲ့ဝင်များအား ဆုများကိုလည်းကောင်း ပေးအပ် ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

UMFCCI သင်တန်းကျောင်းတွင် စုပေါင်းသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သော Certificate Course for Practical Approach to International Trade အပတ်စဉ်(၁)၊ Certificate Course for Business English အပတ်စဉ်(၁) သင်တန်းများဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကုန်သည်/စက်မှုအသင်းချုပ် ပထမထပ်ရှိ ခန်းမကြီး၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က သင်တန်းများ ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ သင်တန်းဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ အဆိုပါ သင်တန်းများသို့ သင်တန်းသား စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ (၃)၊ အမှတ် (၁၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီသည် ရန်ကုန်မြို့တွင် လူဦးရေ ၆ ဒသမ ၆ သန်းကျော် ရှိသည့်အနက် ခရီးသွားလျက်ရှိသော ရန်ကုန်ခရီးသွားလူထု ၃ဒသမ၄သန်းမှ ခရီးသည်နှစ်သန်း ခရီးသွားလာမှုအဆင်ပြေစေရန် ယာဉ်လိုင်းပေါင်း ၁၃၀ တွင် ကားအစီး ၁၉၀၀ တို့ဖြင့် ခရီးသည်များ ဘေးမသီရန်မခ လိုရာခရီးကို သတ်မှတ်ယာဉ်စီးခနှုန်းထားဖြင့် စိတ်ချလက်ချ သွားလာနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်ခရီးသွားလုပ်ငန်း အရည်အသွေးမြှင့်တင်ရန်၊ ယာဉ်တိုက်မှုများ လျော့နည်းပပျောက်စေရန်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ အသိပညာတိုးတက်ရန်၊ လိမ္မာယဉ်ကျေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရန်နှင့် ခရီးသွားပြည်သူများနှင့် ယာဉ်လုပ်သားများ သဟဇာတဖြစ်စေရန်တို့အတွက် ရည်ရွယ်၍ ရန်ကုန်ခရီးသွားဂျာနယ် အတွဲ (၃)၊ အမှတ်(၁၀)ကို စက်တင်ဘာ ၂၈ ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် မြင်းမူမောင်နိုင်မိုး၊ ငွေသဇင်(သံတွဲ)၊ မင်းရွှေမိုးတို့၏ ကဗျာများ၊ မြေပြန့်ဝင်းသွေး၊ သုခတို့၏ ကာတွန်းကဏ္ဍ၊ ဓမ္မာစရိယ ဦးခင်မောင်၊ ခင်မြန်မာ၊ သိပ္ပံစိုးမြင့်နိုင်၊ ဦးဝင်းနောင်၊ ဝမ်းနိုင်းနိုင်း၊ အရှင်ပါမောက္ခ (ကြို့ပင်ကောက်)၊ ရွှေပင်စိုးလတ်၊ ကေတုလှနိုင်၊ သွေးသွေး၊ ငွေးဝန်း (ကျောက်ဖြူ)၊ ဒေါက်တာဒေါ်စိုးသူ၊ မောင်မြတ်မွန် (ဆူးလေ)၊ ကံမြင့် (ရေဒါ)၊ ပြည်စိုး၊ ဆူးသစ်နီ၊ ခင်မောင်ထွေး (မရမ်းကုန်း)၊ ကို (ရန်ကုန်တက္ကသိုလ်)၊ ပါစီမျိုးမြင့်၊ မြတ်ဆွေ၊ မြတ်သဇင်၊ မျိုးမြင့်(လှည်းကူး)၊ မိုးပန်းမွှန် (ရာမည)တို့၏ ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် ကျော်ငွေ(ဘီအေစီ)၏ ရန်ကုန်ခရီးသွားဂျာနယ် နိုင်ငံတကာသတင်းနှင့် ကျန်းမာရေးကဏ္ဍ၊ ခင်မောင်တိုး (မိုးမိတ်)၏ ခရီးသွားဟာသကဏ္ဍနှင့် ပါရမီရှင်၏ တစ်လအတွင်း သင်သိစရာကဏ္ဍများ ပါဝင်သည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ် (၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရွာကြီးကုန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ကျောက်စုဆောင်းထားရှိမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး တန့်ယန်းမြို့ မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်များကို စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၃ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတင်ဝင်း ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ပိန္နဲကုန်းကျေးရွာ၌ မြေသားရေလှောင်ကန် တူးဖော်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဟိုပင်မြို့နယ် စည်ပင်သာယာဈေး ခြင်ဆေးဖျန်း

ဟိုပင် အောက်တိုဘာ ၂

ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် ရပ်ကွက်များ၊ စာသင်ကျောင်းများ၊ ဈေးများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်က ဟိုပင်မြို့ စည်ပင်သာယာဈေးတွင် ဈေးသူ၊ ဈေးသားများ စုပေါင်း၍ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်တာဝန်ခံ ဦးမျိုးငွေးက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် ဖားဆောင်းမြို့ ဒေသဖွံ့ဖြိုးရေးစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် စက်တင်ဘာ ၂၂ ရက်တွင် ဖားဆောင်းမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်းအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ လူနာများအား ချီးမြှင့်ပစ္စည်းများပေးအပ်သည်။

ထို့နောက် ဖားဆောင်းဆိပ်ကမ်း၌ သံလွင်မြစ်ကူး ဇက်ရေယာဉ်ကြွခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ထူးချောင်းတံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြည်နယ်ဥက္ကဋ္ဌသည် စက်တင်ဘာ ၂၄ ရက်တွင် ဘောလခဲမြို့ ခုတင်(၅၀)ဆံ့ ဆေးရုံတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ဆေးရုံတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌက လူနာများအား ချီးမြှင့်ငွေနှင့် ပစ္စည်းများပေးအပ်သည်။

ထို့နောက် ဘောလခဲမြို့ အခြေခံပညာအထက်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းစိန် အလက (၄) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၅ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဝင်း သူငယ်တန်းမှ အဋ္ဌမတန်းအထိ ပထမဆုရ မမေသူကျော်အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

(၆၀)

Essentials and Practical Engineering Course for Young Engineers သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ Essentials and Practical Engineering Course for Young Engineers သင်တန်းကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံတွင် အောက်တိုဘာ ၁၁ ရက်မှ ၂၉ ရက်အထိ နေ့စဉ် မွန်းလွဲ ၁နာရီ မှ ညနေ ၅နာရီအထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်း Course Cutting မှာ Engineers Mathematics, Computer for Engineers, Engineering Eithics, Engineering Mechanics, Industrial Management, Strenght of Materials, Fulids Mechanics, Electrical and Electronics နှင့် Thermodynamics အခြေခံပညာရပ်များကို သင်ကြားခြင်းနှင့် လက်တွေ့လုပ်ငန်းခွင် လေ့လာရေးအစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းတက်ရောက်ရန် အနိမ့်ဆုံးအရည်အချင်း သတ်မှတ်ချက်မှာ AGTI (Any Major) အောင်မြင်ရမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသူများသည် အောက်တိုဘာ ၇ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့(လှိုင်နယ်မြေ) လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသို့ သင်တန်းအပ်နှံရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုသည်များကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆ လိုင်းခွဲ ၃၀၄နှင့် ၃၀၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အထက(၄) မင်္ဂလာတောင်ညွန့် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ (၁၀)ကြိမ်မြောက် မိတ်ဆုံစားပွဲကို အောက်တိုဘာ ၁၆ ရက်(စနေနေ့) ညနေ ၆ နာရီတွင်လည်းကောင်း၊ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် လည်းကောင်း အဆိုပါကျောင်းရှိ ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ပါရန်နှင့် ညစာစားပွဲလက်မှတ်ဝယ်လိုသူများနှင့် အလှူငွေထည့်ဝင်လှူဒါန်းလိုသူများသည် ဦးစိန်ဝင်း ဖုန်း- ၇၃၀၃၀၀၀၅၊ ဦးအောင်ကျော်ဟန် ဖုန်း-၃၇၉၅၉၁၊ ဦးတန်ငွေး ဖုန်း-၅၅၀၅၃၂၊ ဦးသက်မင်း ဖုန်း-၂၄၂၀၅၇၊ ဦးအေးမင်း ဖုန်း-၀၉-၅၀၁၉၁၀၀၊ ဦးအောင်တင် ဖုန်း-၃၉၉၀၄၉၊ ဦးမျိုးအောင် ဖုန်း-၀၉-၅၄၀၆၃၃၂၊ ဦးထင်လွင်(သချာ) ဖုန်း-၀၉-၅၂၆၀၆၀၀၊ ၃၉၄၆၂၉ နှင့် ဦးလှမြင့် ဖုန်း-၂၄၀၅၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂွတ်ရှယ်သမက် ဟာသဇာတ်ကား ဆက်လက်အောင်ပွဲခံ

ရန်ကုန် အောက်တိုဘာ ၂

အောက်တိုဘာ ၁ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများဖြစ်သည့် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ၊ မော်တင်ဂျန်းရှင်းရုံများတွင် ဒါရိုက်တာညီညီထွန်းလွင်နှင့် တွဲဖက်ဩရသတို့ ရိုက်ကူးသည့် ဂွတ်ရှယ်သမက် ဟာသဇာတ်ကားပင် ဆက်လက်ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် ရန်အောင်၊ ရဲအောင်၊ နေတိုး၊ ကျော်ကျော်ဗို၊ မေသဥ္ဇာဦး၊ စိုးမိုးကြည်၊ မိုးဟေကိုနှင့် စိုးပြည့်သဇင်တို့ ခေါင်းဆောင်ပါဝင်ကြသည်။

ကျော်ရဲအောင်၊ ပြေတီဦး၊ စိုးမြတ်သူဇာနှင့် သက်မွန်မြင့်တို့ ပါဝင်သော **ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်** ဟာသဇာတ်ကားမှာ မြို့လယ်ဝဇီရာ၊ ဝဇီရာ-၂ မဟာမြိုင်၊ မြရတနာရုံများတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ဒါရိုက်တာ ကြည်ဖြူသျှင်ရိုက်ကူးပြီး နေတိုး၊ မိုးဟေကို၊ သင်ဇာဝင့်ကျော်နှင့် ခင်သီတာထွန်းတို့ ခေါင်းဆောင်ပါဝင်သည့် **မိုးညအိပ်မက်မြူ** ဇာတ်ကားမှာ အောက်တိုဘာလဆန်းပိုင်းတွင် ရုံတင်ပြသတော့မည် ဖြစ်သည်။

ဂွတ်ရှယ်သမက်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

နိုင်ငံခြားရုပ်ရှင်

ရွှေ့ဆောင်ရုံတွင် ကမ္ဘာမြေပေါ်မှ သက်ရှိလူသားများကို အမဲလိုက်ရန် စုဆောင်းတတ်ကြသည့် ဂြိုဟ်တစ်ခုပေါ်သို့ရောက်ရှိသွားကြသူများ၏ဘဝကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် PREDATORS ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် စီအိုင်အေအဖွဲ့အတွင်းမှ သစ္စာဖောက်များအား လိုက်လံနှိမ်နင်းပုံကို ဇာတ်လမ်းဖွဲ့ထားသော KNIGHT AND DAY ဇာတ်ကြမ်းကား ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

မြို့မရုံတွင် အိန္ဒိယတောင်ပိုင်း ဒရမ်မာအက်ရှင်ဇာတ်ကား ANNIYAN ဇာတ်ကား ပြသမည်ဖြစ်သည်။

တောင်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းနိုင်

နေပြည်တော် အောက်တိုဘာ ၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ကော့သောင်းမြို့တွင် ၁ ဒသမ ၆၉ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၃ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဝီဂန်အသင်း အိမ်ကွင်းနိုင်ပွဲပျောက်ဆုံးနေမှုကို ရပ်တန့်ပစ်နိုင်

လန်ဒန် အောက်တိုဘာ ၂

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ်(၇) ပထမနေ့ရဲ့ ပွဲစဉ်များထဲမှ အစောပိုင်းပွဲစဉ်အဖြစ် ဝီဂန်အသင်းနဲ့ ဝုလ်ဗာဟမ်တန်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဝီဂန်အသင်းက နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိပြီး သူတို့ရဲ့အိမ်ကွင်း နိုင်ပွဲပျောက်ဆုံးနေမှုကို ရပ်တန့်ပစ်နိုင်ခဲ့ပါတယ်။

ယခုနှစ် ဘောလုံးရာသီ ပရီမီယာလိဂ်မှာ အိမ်ကွင်းနိုင်ပွဲ မရှိသေးတဲ့ ဝီဂန်မှာ ရိုဒယ်လီဂါ၊ မက္ကာသီ၊ အန်ဇော့ဘီယာ၊ သောမတ်စ်၊ ဂိုမက်ဇ်၊ ဖီဂူရိုအာ၊ ဒီဆန်းတို့၊ အယ်လ်ကာရက်ဇ်စတဲ့ အဓိက ကစားသမားတွေနဲ့ ပွဲထွက်လာခဲ့ပါတယ်။ ဧည့်သည် ဝုလ်ဗာဟမ်တန်ကတော့ ကားလ်ဟင်နရီ၊ ဖလက်ချာ၊ ဖိုလေး၊ အက်ဒ်ဝက်၊ မက်သရူးဂျာဗင်၊ ဒွိုင်လီတို့နဲ့ ပွဲထွက်လာကာ ၄-၄-၂ ကစားကွက်နဲ့ ဝီဂန်ကို ပြန်လည်ရင်ဆိုင်ခဲ့ပါတယ်။

ဒီနှစ်မှာ ကစားပုံမာကျော ကြမ်းတမ်းတဲ့ ဝုလ်ဗာဟမ်တန်ဟာ ဒီနေ့ပွဲမှာလည်း ပွဲစတာနဲ့ ခပ်မာမာခပ်ကြမ်းကြမ်း ကစားလာခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ပထမပိုင်းပွဲအစ ၁၁ မိနစ်မှာပဲ ဝုလ်ဗာဟမ်တန် အသင်းခေါင်းဆောင် ကားလ်ဟင်နရီ ဖျက်ထုတ်ပုံကြမ်းခဲ့တာကြောင့် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခြင်းခံခဲ့ရပါတယ်။ စောစောစီးစီး တစ်ယောက်လျော့သွားတဲ့ ဝုလ်ဗာဟမ်တန်ကို ဝီဂန်အနေနဲ့ ဖိအားပေးတိုက်စစ်ဆင်နိုင်ခဲ့ပေမယ့် အဝေးကန်ချက်တွေနဲ့သာ ဧည့်သည် အသင်းရဲ့ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။

ဒုတိယပိုင်းမှာ ဝုလ်ဗာဟမ်တန်အသင်း ခံစစ်အသွင်ပြောင်းလဲပြီး သရေတစ်မှတ်ရရေးကိုသာ ဦးတည်လာတာကြောင့် အိမ်ရှင်ဝီဂန်တို့ ကွင်းတစ်ဝက်ဖိကစားလာနိုင်ခဲ့ပါတယ်။ ပွဲချိန် ၆၅ မိနစ်မှာ ဝုလ်ဗာဟမ်တန်ရဲ့ဂိုးဧရိယာအစပ်ကနေရတဲ့ ပြစ်ဒဏ်ဘောကို ဂိုမက်ဇ်က ဂိုးသမားရဲ့ ညာဘက်အပေါ်ထောင့်ထဲကို လှလှပပ ကန်သွင်းပြီး ဝီဂန်အတွက် ဦးဆောင်ဂိုးကို ရယူနိုင်ခဲ့ပါတယ်။ ၈၅ မိနစ်မှာ ဝုလ်ဗာဟမ်တန် နောက်ခံကစားသမား ဘာရာ ဖျက်ထုတ်ရာမှာ ဝီဂန်တိုက်စစ်မှူး ရိုဒယ်လီဂါနဲ့ထိပြီး ဂိုးဝင်သွားတာကြောင့် ဝီဂန်တို့ ဒုတိယဂိုးရရှိခဲ့တာ ဖြစ်ပါတယ်။ ***(အင်တာနက်)***

ဝီဂန်အတွက် ဦးဆောင်ဂိုးကို ဂိုမက်ဇ် အလွတ်တည်ကန်ဘောမှ သွင်းယူစဉ်။

အခြားပွဲစဉ်ရလဒ်များ

ဘာမင်ဂမ်	၀ - ၂	အဲဗာတန်
စတုတ်စီးတီး	၁ - ၀	ဘလက်ဘန်း
ဆန်းဒါးလန်း	၀ - ၀	မန်ယူ
စပါး	၂ - ၁	ဗီလာ
ဝက်စ်ဘရွန်း	၁ - ၁	ဘော်လ်တန်
ဝက်စ်ဟမ်း	၁ - ၁	ဖူလ်ဟမ်

❒ Southern မှ

နေပြည်တော်အသင်းကို နောက်ကျချေပဂိုးဖြင့် သရေသာကစားနိုင်ခဲ့သောကြောင့် Southern အသင်းမှာ အမှတ်ပေးပြိုင်ပွဲတွင် ထပ်မံ၍ နိုင်ပွဲပျောက်ဆုံးခဲ့ရသည်။ Southern အသင်းမှာ လူစုံပါဝင်သော်လည်း ခြေစွမ်းမပြနိုင်၍ နေပြည်တော်အသင်း၏ ဦးဆောင်ဂိုးသွင်းခြင်းကို ခံခဲ့ရသည်။ ၁၄ မိနစ်တွင် တိုက်စစ်မှူး ပြည့်ဖြိုးဦးက နေပြည်တော်အတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် Southern တို့ ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး မိနစ် ၈၀ တွင် ကွင်းလယ်လူ မီဂျာကိုဗစ်က ပြစ်ဒဏ်ဘောမှတစ်ဆင့် ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။

(သုဝဏ္ဏကွင်း)

မကွေး F.C - လေးဂိုး

(အောင်မြင့်အေး၊အဘိုဟာဂျီ၊ချက်နူဇူနှင့် ဘိုဘိုအောင်)

ဇွဲကပင်ယူနိုက်တက် - နှစ်ဂိုး

(နန္ဒလင်း၊ကျော်ချစ်)

(ဗထူးကွင်း)

ဧယျာရွှေမြေ - သုံးဂိုး

(ဗစ်တာ-နှစ်ဂိုး၊ကျော်ကိုကို)

ဥဿာယူနိုက်တက် - နှစ်ဂိုး

(မိုင်းအိုက်နိုင်)

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

ရန်ကုန်ယူနိုက်တက် - မနောမြေ

(KBZ ကွင်း)

ကမ္ဘောဇ - Delta United

မဲရုံသရုပ်ပြပွဲ ဆဒုံးမြို့ အမှတ်(၅)ရပ်ကွက်၌ ကျင်းပ

ဝိုင်းမော် အောက်တိုဘာ ၂

ဝိုင်းမော်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသော ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေးလွင်စိုးနှင့် မြို့နယ်ဥပဒေအရာရှိ ဦးကျော်ငွေးတို့သည် ဆဒုံးမြို့ အမှတ်(၅)ရပ်ကွက် မဲရုံအမှတ်(၄၉)တွင် မဲရုံသရုပ်ပြပွဲကို ကြီးကြပ်၍ ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးအေးလွင်၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ(၄)နှင့် အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီ အထွေထွေ အတွင်းရေးမှူး ဦးတင်ဝင်း၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ(၅)တွင် ဖော်ပြထားပါသည်။

အ ဏ္ဏ ဝါ သိ ပ္ပံ အ င် တ ာ န က် သ တ င် း | ဘာသာပြန် - ရောမောင်

ဝေလငါးများကို မှတ်တမ်းရိုက်ကူးရန် လေသင်္ဘောတစ်စင်းကို သိပ္ပံပညာရှင်များအသုံးပြု

အဲဗားရက်(ဝါရှင်တန်) အောက်တိုဘာ ၂

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ် ပူးဂက်ဆောင်းဒေသ ကမ်းလွန်၌ ကျက်စားသည့် ဝေလငါးများကို မော်ကွန်းရုပ်ရှင်ရိုက်ကူးနိုင်ရန် သိပ္ပံပညာရှင်များက လေသင်္ဘော(airship)တစ်စင်းကို အသုံးပြုခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကယ်လီဖိုးနီးယားအခြေစိုက် လေသင်္ဘောကုမ္ပဏီသည် Eureka ဟု အမည်ပေးထားသော လေသင်္ဘောတစ်စင်းကို သိပ္ပံသုတေသနလုပ်ငန်းအတွက် အခကြေးငွေမယူဘဲ တစ်ရက်တာ ငှားရမ်းပေးခဲ့သည်။

ဝါရှင်တန်ပြည်နယ် ဆန်ယွမ်းကျွန်းအနီး ပူးဂက်ဆောင်းရေလက်ကြားဒေသ၌ ကူးခတ်သွားလာနေသော ဝေလငါးနှစ်ကောင်ကို လေသင်္ဘောပေါ်မှ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

Eureka လေသင်္ဘောသည် အမေရိကန်အနောက်ဘက်ကမ်းရိုးတန်းဒေသ၌ ရှုမျှော်ခင်းကြည့်ရှုလိုသော ကမ္ဘာလှည့်ခရီးသည်များအတွက် ဝန်ဆောင်ပေးနေသော လေယာဉ်တစ်မျိုးဖြစ်သည်။ ယင်းလေသင်္ဘောနှင့်အတူ ခရီးသည် ၁၂ ဦးအထိ လိုက်ပါနိုင်ပြီး လေသင်္ဘောစီးခအဖြစ် တစ်ဦးလျှင် ဒေါ်လာ ၂၀၀ မှ ဒေါ်လာ ၁၀၀၀ အထိ ရယူသည်။ ၂၄၆ ပေ အရှည်ရှိ အဆိုပါလေသင်္ဘောသည် ဝါရှင်တန်ပြည်နယ် အဲဗားရက်မြို့ရှိ လေယာဉ်ကွင်းမှ ပျံတက်ခဲ့ပြီးနောက် ပူးဂက်ဆောင်း ရေလက်ကြားဒေသသို့ ရောက်ရှိရန် တစ်နာရီကြာမျှ ပျံသန်းခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❁

Southern နှင့် နေပြည်တော်တို့ အမှတ်ခွဲယူ

ရန်ကုန် အောက်တိုဘာ ၂

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၇)ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၊ တောင်ကြီး KBZ ကွင်းနှင့် ဗထူးကွင်းတို့၌ ပြန်လည်ကျင်းပရာ Southern Myanmar နှင့် နေပြည်တော်တို့ သရေကျသွားပြီး မကွေး F.Cနှင့် ဇေယျာရွှေမြေ F.C တို့ နိုင်ပွဲများ ရရှိသွားသည်။

(KBZ ကွင်း)

နေပြည်တော် - တစ်ဂိုး

(ပြည့်ဖြိုးဦး)

Southern Myanmar - တစ်ဂိုး

(မီဂျာကိုဗစ်)

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ❒

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

Southern Myanmar **နှင့် နေပြည်တော် F.C တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။**

ထူးကဲဒီရေ သတိပေးချက် ထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၂

၂၀၁၀ ခုနှစ် အောက်တိုဘာ ၇ ရက်မှ အောက်တိုဘာ ၁၁ ရက်အထိကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၄ ပေခန့်မှ ၂၁ ဒသမ ၄ ပေခန့်အထိ ထူးကဲဒီရေ တက်ရောက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၈-၂၀၀၉ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၉ ပေခန့်ထိ ဒီရေတက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေး အကြောင်းကြားထားသည်။ (သတင်းစဉ်)